Vol.1., Issue 24

# The Strategy First Times

October 24, 2016 | ၁၃၇၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် တစ်ကြိမ် / Digital Edition

## ဆရာကြီး၊ ဆရာမကြီးများကို Strategy First ကျောင်းသား၊ ကျောင်းသူများမှ ဝါကျွတ်ကန်တော့






## Strategy First Football Cup ၂၀၁၆ ကျင်းပ

စာ - ၃သို့

AYA Bank
ရေဝတီဘဏ်
Your Trusted Partner

## MBA အပါအဝင် သင်တန်းများကို AYA Education Loan နဲ့ တက်ရောက်နိုင်ပြီ

**Strategy First Institute** မှာ နိုင်ငံတကာအဆင့်မီ ဒီပလိုမာ၊ ဘွဲ့နဲ့ ဘွဲ့လွန်သင်တန်းများအတွက် ပညာသင်စရိတ်ချေးငွေကို AYA Education Loan ဖြင့် ရယူနိုင်ပါပြီ။

**Strategy First Institute** မှာ သင်တန်းများ တက်ရောက်လိုသော ကျောင်းသား/ ကျောင်းသူများအနေနဲ့ မိမိကြိုက်နှစ်သက်ရာ သင်တန်းကို စိတ်ကြိုက်ရွေးချယ်ပြီး AYA Education loan ကို **Strategy First Institute** မှတစ်ဆင့် လျှောက်ထားတက်ရောက်နိုင်ပါတယ်။

စာ - ၃သို့

## အောင်မြင်မယ့် အကြံဉာဏ်သစ်ကို ဘယ်လိုရအောင်စဉ်းစားမလဲ

စာ - ၅သို့



## What makes us feel good about our work?

စာ - ၁၃သို့



## EBS MBA တက်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် မအိမ်စည်ဖြူ နဲ့ တွေ့ဆုံမေးမြန်းခြင်း

စာ - ၈သို့



# အဘိဓမ္မာအခါတော်နေ့ရုပ်စုံပြပွဲဖွင့်ပွဲအခမ်းအနားနဲ့ ပုတက်မိသားစုအလှူ

ပုတက်ကာတွန်းဂျာနယ်မှစီစဉ်ပြီး ရွှေတိဂုံစေတီတော်မြောက်ဘက်မုဒ်ချမ်းသာကြီးတန်ဆောင်းမှာ သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ်အဖြစ် "အဘိဓမ္မာအခါတော်နေ့" ရုပ်စုံပြပွဲဖွင့်ပွဲအခမ်းအနား (၁၄.၁၀.၂၀၁၆) မနက် ၁၀ နာရီမှာပြုလုပ်ခဲ့ပြီး ရွှေတိဂုံစေတီသို့လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးများကိုလည်း အုန်းနို့ခေါက်ဆွဲကုသိုလ်ဒါနနဲ့ ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ ဗုဒ္ဓဝင်ရုပ်စုံပြပွဲကို လာမယ့်နိုဝင်ဘာလ (၃)ရက်နေ့အထိ ဆက်လက်ပြသသွားမှာဖြစ်ပါတယ်။ အားလုံးပဲလာရောက်ဖူးမြော်ကုသိုလ်ယူကြဖို့ ပုတက်မိသားစုမှ ဖိတ်ခေါ်အပ်ပါတယ်။














# ICM တန်းခွဲသစ်များ နိုဝင်ဘာလတွင် စတင်မည်

The Institute of Commercial Management

**ICM Single Subject Diploma in Human Resources Management နိုဝင်ဘာလ (၂၀)ရက်နေ့အတွက် စာရင်းပေးသွင်းအပ်နှံနိုင်ပါပြီ။**

**Strategy First Institute** တွင် Institute of Commercial Management (ICM, UK) မှပေးအပ်သော လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဆိုင်ရာ ICM Single Subject Diploma သင်တန်းဖြစ်ပါသည်။

သင်တန်းကာလမှာ (၅)လခွဲကြာမြင့်မည်ဖြစ်ပါသည်။ ICM စာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက Institute of Commercial Management (UK) မှပေးအပ်သော Single Subject Diploma များရရှိပါမည်။ ICM စာမေးပွဲများကို မြန်မာနိုင်ငံရှိ British Council မှ စီစဉ်ပေးသွားပါမည်။

Human Resources Management ဘာသာရပ်တွင်သင်ကြားမည့်ခေါင်းစဉ်များမှာ -

Course Contents: Individual Differences | Perceptions | Motivation | Behavioral Theories | Groups and Group Dynamics | Recruitment & Selection | Interviewing | Selection Testing | On-Job Vs Off-Job Training | Induction Programmes | Job Description & Specification | Person Specification | Job Rotation, Enlargement, Enrichment and Evaluation | Role of Personnel Department | Career Development | Welfare | Participating in Decision-Making | The Role of the Trade Union | Strikes, Cause, Effect & Avoidance တို့ဖြစ်ပါသည်။

Lecturer - Dr. Daw Ohnmar Myint, Ph.D (HRM, Delhi), M. Com, B. Com (Hons) (YIE)

Every Sunday – 6:00 to 8:30 pm | Starting Date – 20 November 2016 | Program Fees – 420,000 kyats + 105 USD for exam & reg

(သင်တန်းကိုပန်းခြံတာဝါတွင်တက်ရောက်ရပါမည်။) မူရင်းဖတ်စာအုပ်များကိုအသုံးပြုသွားမည်ဖြစ်ပါသဖြင့် ဖတ်စာအုပ်ဖိုး ၂၅၀၀၀ ကျပ်ကို ထပ်မံပေးသွင်းရမည်ဖြစ်သည်။

**ICM Single Subject Diploma in Business Management & Administration နိုဝင်ဘာတန်းခွဲများအတွက် စာရင်းပေးသွင်းအပ်နှံနိုင်ပါပြီ။**

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးစတင်တည်ထောင်ရန်စီစဉ်နေသူများ၊ MBA သင်တန်းများတက်ရန် ပြင်ဆင်နေသူများ၊ စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူများအတွက် Institute of Commercial Management (ICM, UK) မှ ချီးမြှင့်သော Single Subject Diploma သင်တန်းဖြစ်ပါသည်။

သင်တန်းကာလမှာ (၅) လခွဲကြာမြင့်မည်ဖြစ်ပါသည်။ ICM စာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက Institute of Commercial Management (UK) မှပေးအပ်သော Single Subject Diploma များရရှိပါမည်။ ICM စာမေးပွဲများကို မြန်မာနိုင်ငံရှိ British Council မှ စီစဉ်ပေးသွားပါမည်။

Business Management and Administration တွင် သင်ကြားမည့်ခေါင်းစဉ်များမှာ -

The Organisational Background to Business Administration | The Management Framework to Business Administration | Characteristic Features of Organisations | The Structure of Business Enterprises | Functions within Organisations - The Production Function | The Purchasing Function, The Research & Development Function, The Marketing Function, Personnel Department | The Administrative Officer's Role | Office Administration | Other Responsibilities of the Administrative Officer

နိုဝင်ဘာလတွင် ဖွင့်လှစ်မည့် Business Management & Administration တန်းခွဲသစ်များ -

Session – 5 (တစ်ပတ် ၂ ချိန်) (၃ လကြာမြင့်မည်ဖြစ်ပါသည်)
Lecturer – Daw Khin Nwe Ohn, M.Com, B. Com (Hons, YIE)
Schedule - Every Saturday and Sunday – 6:00 to 8:30 pm
Starting Date – 5 November 2016
Program Fees – 420,000 kyats + 105 USD for exam & reg (Panchan Tower တွင်တက်ရောက်ရပါမည်။)

Session-6 (တစ်ပတ် တစ်ချိန်)
Lecturer – Daw Aye Aye Win, M.A (Int'l Business Studies, Sophia University) (Japan), M. Com, B. Com (Hons, YIE), Diploma in English
Schedule - Every Tuesday – 6:00 pm to 8:30 pm | Starting Date – 15 November 2016 | Program Fees – 420,000 kyats + 105 USD for exam & reg (Pyay Campus တွင်တက်ရောက်ရပါမည်။)

# STRATEGY FIRST FOOTBALL CUP 2016 ကျင်းပ














**STRATEGY FIRST FOOTBALL CUP** ကို NCC ကျောင်းသားများရဲ့လှုပ်ရှားမှုနဲ့ **STRATEGY FIRST INSTITUTE** ကျောင်းအုပ်ဖြစ်သူ ဆရာဦးအောင်ချစ်ခင်ရဲ့အဖက်ဖက်က ကူညီပံ့ပိုးမှုနဲ့ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ NCC ကျောင်းသားများရဲ့ **STRATEGY FIRST FOOTBALL CUP 2016** ကို အောက်တိုဘာ (၃) ရက်နေ့မှ (၁၈) ရက်နေ့အထိ NCC Batch လေးခုမှ အသင်းများဖွဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ အသင်းတိုင်းအတွက် အင်္ကျီများနဲ့ ဆေး၊ ရေဗူးများကိုလည်းကျောင်းမှစီစဉ်ပေးခဲ့ပါတယ်။ မြက်ခင်းကွင်းမှာကန်ဖို့ ဆုံးဖြတ်ထားပေမယ့် မိုးရာသီဖြစ်တဲ့အတွက်ကြောင့် MICT Park အရှေ့မှာရှိတဲ့ Futsal ကွင်းမှာပဲ ယှဉ်ပြိုင်ဖြစ်ခဲ့ပါတယ်။ ဒိုင်လူကြီးကိုလည်းကျောင်းမှစီစဉ်ငှားပေးခဲ့ပါတယ်။ပြိုင်ပွဲမှာအုပ်စုပွဲစဉ်အဖြစ်လေးသင်းပတ်လည်ယှဉ်ပြိုင်ရပါတယ်။ အုပ်စုပွဲစဉ်များပြီးသွားတဲ့အခါမှာတော့ အမှတ်အများဆုံးအသင်း (၂) သင်း Batch 2 နဲ့ Batch 1 တို့ကဗိုလ်လုပွဲကိုယှဉ်ပြိုင်ရပြီးကျန်နှစ်သင်းက တတိယနေရာကိုယှဉ်ပြိုင်ခဲ့ကြပါတယ်။ဗိုလ်လုပွဲမှာ NCC-Batch 2 အသင်းမှ ချန်ပီယံဆုကို ဆွတ်ခူးနိုင် ခဲ့ပါတယ်။ ဗိုလ်ဆွဲခဲ့တဲ့အသင်းအတွက် Champion ဆုဖလားအပြင် ဒုတိယဆု၊ တတိယဆုနဲ့ ထူးချွန်စွာကစားခဲ့ကြတဲ့ကျောင်းသားများအတွက် Best Goal Scorer၊ Best Goal Keeper၊ Best Organizer၊ Best Player၊ Fair Play ဆုတို့ကိုချီးမြှင့်ခဲ့ကြပါတယ်။ **STRATEGY FIRST FOOTBALL CUP** ကို ပထမဆုံးအကြိမ်အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့တဲ့အတွက် NCC အတန်းများမှ ပါဝင်ယှဉ်ပြိုင်တဲ့ကစားသမားများ၊ လာရောက်အားပေးခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူများကို ဆရာဦးအောင်ချစ်ခင်မှအောက်တိုဘာလ (၂၀) ရက်နေ့မှာလည်း Chartium Hotel မှာ Dinner နဲ့ ဧည့်ခံခဲ့ပါတယ်။

သိခ်ံဦး NCC Batch-2 (FT)

# MBA အပါအဝင် STRATEGY FIRST INSTITUTE မှ သင်တန်းများကို AYA Education Loan နဲ့ တက်ရောက်နိုင်ပြီ

**STRATEGY FIRST INSTITUTE** မှာနိုင်ငံတကာအဆင့်မီ ဒီပလိုမာ၊ ဘွဲ့နဲ့ ဘွဲ့လွန်သင်တန်းများအတွက် ပညာသင်စရိတ်ချေးငွေကို AYA Education Loan ဖြင့် ရယူနိုင်ပါပြီ။

**STRATEGY FIRST INSTITUTE** မှာ သင်တန်းများတက်ရောက်လိုသော ကျောင်းသား/ကျောင်းသူများအနေနဲ့ မိမိကြိုက်နှစ်သက်ရာသင်တန်းကို စိတ်ကြိုက်ရွေးချယ်ပြီး AYA Education loan ကို **STRATEGY FIRST INSTITUTE** မှတစ်ဆင့် လျှောက်ထားတက်ရောက်နိုင်ပါတယ်။

**AYA Education Loan ကို ရွေးချယ်ခြင်းဖြင့်**

- သင်တန်းကြေး၏ အများဆုံး (၈၀%) အထိ Financing ချေးယူနိုင်ပြီး လစဉ် Monthly Instalment Plan သင်တန်း ပြီးဆုံးသည်အထိပေးဆပ်နိုင်ခြင်း
- ကနဦးပေးသွင်းငွေ အနည်းဆုံး (၂၀%) သာ ဦးစွာပေးသွင်းရန်လိုအပ်ခြင်း
- ကျန်ရှိသော သင်တန်းကြေးအပေါ်တွင် သင့်တင့်သော အတိုးနှုန်း တစ်နှစ်လျှင် (၁၃%) (Amortization Method) ဖြင့်သာကောက်ခံထားပြီး Collateral-free (အာမခံပစ္စည်းကင်းလွတ်ခွင့်) ရှိခြင်း
- လျင်မြန်သော Application Processing ဖြင့် သင့်လျှောက်လွှာကို Working Day (၄) ရက်အတွင်း စိစစ်ပေးခြင်း။

https://www.ayabank.com/educationloan

**လျှောက်ထားရန်လိုအပ်ချက်များ –**

- အဓိကလျှောက်ထားသော ကျောင်းသားမှာ အသက်(၁၈)နှစ်နှင့်အထက် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး အသက်(၁၈)နှစ်အောက်ဖြစ်ပါက ပူးတွဲလျှောက်ထားသူအနေဖြင့် မိဘ၊ မောင်နှမ၊ ဆွေမျိုး၏ ဝင်ငွေအထောက်အထားနှင့် ပူးတွဲလျှောက်ထားရန် လိုအပ်ပါသည်။
- အနည်းဆုံးလစဉ်ဝင်ငွေမှာကျပ် (၁၅၀,၀၀၀) နှင့်အထက် ဖြစ်ရမည်ဖြစ်ပါသည်။ (တစ်ဦးချင်း (သို့) ပူးတွဲလျှောက်ထားပါက လစဉ်ဝင်ငွေလိုအပ်ချက်အား ပူးတွဲတင်ပြနိုင်ပါသည်။)
- ပူးတွဲလျှောက်ထားသူမှာ မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီးအဓိကလျှောက်ထားသူကျောင်းသား၏မိဘ၊ဇနီးမောင်နှံ (သို့) မွေးချင်းမောင်နှမ၊ ဆွေမျိုးဖြစ်ရမည်။
- ထောက်ခံပေးမည့်သူမှာအနည်းဆုံးအသက် (၂၁)နှစ်ရှိသူ မြန်မာနိုင်ငံသားဖြစ်ပြီး အဓိကလျှောက်ထားသူ ကျောင်းသား၏ မိဘ၊ ဇနီးမောင်နှံ၊ မွေးချင်းမောင်နှမ၊ ဆွေမျိုး (သို့) လုပ်ဖော်ကိုင်ဖက် ဖြစ်ရပါမည်။

**AYA Education Loan လျှောက်ထားရန်အတွက်လိုအပ်သောစာရွက်စာတမ်းများမှာ – ပြီးပြည့်စုံသော လျှောက်လွှာ**

- မှတ်ပုံတင် (မိတ္တူ) (ရှေ့/နောက်) (အဓိကလျှောက်ထားသူ၊ပူးတွဲလျှောက်ထားသူ၊ထောက်ခံပေးမည့်သူ)
- ရပ်ကွက်ထောက်ခံစာ (မူရင်း)
- အိမ်ထောင်စုစာရင်း (မိတ္တူ)
- အဓိကလျှောက်ထားသူ၏ဝင်ငွေ အထောက်အထားများ(လိုအပ်ပါကပူးတွဲလျှောက်ထားသူ၏ဝင်ငွေအထောက်အထားပါ ပူးတွဲတင်ပြရန်လိုအပ်ပါသည်။)

**ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက –**

- လုပ်ငန်းလိုင်စင်
- ဘဏ်စာရင်းရှင်းတမ်း (၃)လစာ
- အခြားဝင်ငွေအထောက်အထားများ

**လခစားဝန်ထမ်းဖြစ်ပါက –**

- ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက် (သို့) အလုပ်ခန့်စာ
- လစာပြေစာ (၃)လစာ

**ဆက်သွယ်ရန် –**

**STRATEGY FIRST INSTITUTE**
No.8, Panchan Tower, Bargayer Road,
Myay Ni Gone,San Chaung Township,
Yangon. Ph - (09) 250 7171 66 ~ 68 .

**AYA Bank Head Office**
No.416, Corner of Maharbandoola Road
& Maharbandoola Garden Street,
Kyauktada Township, Yangon
Hot Line No. 09-420055582
www.ayabank.com/educationloan
www.facebook.com/ayabank

# အနာဂတ်အခွင့်အလမ်းတွေအတွက် ဘယ်လိုပြင်ဆင်ထားလဲ



**ဒေါက်တာစိန်မင်း**
**(Academic Director)**

လူငယ်တွေအနေနဲ့ကိုယ်ပိုင်အရည်အသွေးတွေကောင်းအောင်ပြင်ဆင်ထားရပါမယ်။ ပညာရပ်နဲ့ဆိုင်တဲ့ အရည်အသွေးတွေ ဖြည့်ဆည်းဖို့လိုသလို လူတစ်ဦးချင်းစီနဲ့ဆိုင်တဲ့ Personal အရည်အသွေးတွေ တိုးအောင်လည်းကြိုးစားရပါမယ်။ ကိုယ်ကစကားပြောကောင်းတဲ့ ကိုယ်ပိုင်အရည်အသွေးရှိပေမယ့် ဒါကို ဒီ့ထက်ပိုပြီး ကောင်းအောင် ကြိုးစားဖို့ တွေလိုသလိုပေါ့။ ကိုယ့်ရဲ့အခြေခံအရည်အသွေးတွေ ဝါသနာတွေပေါ်အရင်းခံပြီး ကောင်းသထက်ကောင်းအောင်မြှင့်တင်ဖို့လိုပါတယ်။ ကိုယ်မျှော်မှန်းတဲ့ အလုပ်အတွက်ဆိုလည်း ကိုယ်က ဘယ်လိုတွေဖြည့်ဆည်းဖို့လိုသလဲကြည့်ပြီး ကြိုပြီးဖြည့်ဆည်းထားကြပါ။ အနာဂတ်အတွက်လိုအပ်မယ်ထင်တဲ့ အရည်အသွေးတွေဖြည့်ဆည်းနိုင်သလောက် အကျိုးရှိနိုင်ပါတယ်။ ကျောင်းတွေမှာဆိုရင်တော့ ECA (extra curricular activities) လို့ခေါ်တဲ့ ကျောင်းသင်ရိုးအပြင်ဘက်ကရှိတဲ့ လှုပ်ရှားမှုတွေပေါ့ ဒါတွေကိုလည်း တတ်နိုင်သမျှ အချိန်ပေးပြီး ပြုစုဖို့လိုပါတယ်။

ဘာသာစကားတွေနဲ့တခြားကာယလေ့ကျင့်မှုတွေ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးနဲ့ တွေးခေါ်နိုင်စွမ်းကိုအထောက်အကူပြုတဲ့ ပညာရပ်တွေကလည်း အနာဂတ်မှာအသုံးဝင်နိုင်ပါတယ်။ ကိုယ်ဝါသနာပါရာနဲ့လည်း ညှိဖို့ လိုပါတယ်။ ကိုယ်ပိုင်အရည်အသွေး လက္ခဏာတိုးတက်ဖို့တွေ ဘာသာစကား ကျွမ်းကျင်မှုတွေ အများနဲ့ပါဝင် လှုပ်ရှားတဲ့ လုပ်ငန်းတွေမှာတက်နိုင်သမျှအချိန်ရသလောက်လေးဝင်ရောက်လုပ်ကိုင်တာတွေလည်း လိုပါတယ်။ ဒါတွေက နောင်တစ်ချိန်မှာ ကိုယ့်အတွက်အထောက်အကူပြုမှာပါ။ အရည်အချင်းကို တက်နိုင်သမျှ မှန်မှန်ဖြည့်ဆည်းနေမယ်ဆိုရင် အခွင့်အရေးပေါ်လာချိန်မှာ ကိုယ်ကစွယ်စုံ ရတယ်ဆိုရင် နေရာကောင်းတွေရလာမှာပါ။ မျှော်မှန်းချက်တွေရှိဖို့လည်းလိုပါတယ်၊ ကိုယ်ဘာဝါသနာပါသလဲ ဘာလိုအပ်သလဲ ဘယ်လိုတွေဖြည့် ဆည်းမလဲဆိုတာ ကိုယ်တိုင်ဆုံးဖြတ်ပြီး ကြိုတင် ပြင်ဆင်သွားမယ်ဆိုရင် ကိုယ့်အနာဂတ်အတွက် အကောင်းဆုံးအခြေအနေတွေ ဖြစ်လာမှာပါ။



**ကောင်းထက်ဟိန်း**
**( Stamford MBA )**

လူငယ်တွေအတွက် အခုအခွင့်အရေးတွေတော့လာနေပြီ။ ဒါတွေကို ကိုယ်ကယူနိုင်နေပြီလားဆိုတာ ဆန်းစစ်စေချင်ပါတယ်။ ကျွန်တော် ၁၀ တန်းအောင်တုန်းကဒီလိုနိုင်ငံတကာကျောင်းတွေမရှိသေးတော့ လက်ဖက်ရည်ဆိုင်ထိုင်တယ်၊ ဒီလောက်နဲ့ပဲ အချိန်တွေကုန်ခဲ့တာ။ အခုဆိုရင် နိုင်ငံတကာလုပ်ငန်းတွေဝင်လာပြီး သူတို့တွေရဲ့စနစ်တွေ သယ်လာကြပြီ။ အဲလုပ်ငန်းတွေမှာဝင်မယ့်လူငယ်တွေ ကိုယ်ကဘယ်လောက်အထိ ပြင်ဆင်ထားနိုင်သလဲ။ ကျောင်းပညာ ရေးပြီးပေမယ့် ဘဝအတွက် ဘယ်ပညာတွေ ဆက်ပြီးလေ့လာသွားမလဲ အလေးထားတွေးစေချင်ပါတယ်။ ကိုယ်ဘာဝါသနာပါပြီး ဘာဖြစ်ချင်သလဲဆိုတဲ့ အပေါ်မှာ ကိုယ်ဘာလုပ်မလဲဆိုတာ မေးစေချင်တယ်၊ ကိုယ်ထက်အတွေ့အကြုံရှိသူတွေနဲ့ တိုင်ပင်ပါလို့ပြောချင်ပါတယ်။



**ကိုအတာထွန်း**
**(Business Management & Administration )**

ကျွန်တော်က ICT နယ်ပယ်ကဆိုတော့ အခုကျွန်တော်တို့နိုင်ငံရဲ့ ICT နယ်ပယ်မှာ အရင်ကနိုင်ငံသားအချင်း ချင်းပဲ ပြိုင်ဆိုင်ခဲ့ကြတာဆိုပေမယ့်အခုကတော့အင်အားကြီးအနောက်နိုင်ငံတွေက ကုမ္ပဏီလုပ်ငန်းတွေနဲ့ပါ ပြိုင်ဆိုင်လာရပြီ။ ပြိုင်ဆိုင်မှုနဲ့အတူ တစ်ဖက်မှာလည်း အခွင့်အလမ်းတွေပေါ်လာတော့ ဒါကိုအမိအရဆုပ်ကိုင်ဖို့ဆိုရင်တော့ ကိုယ်ဘက်ကလည်း သက်လုံကောင်းဖို့ လိုပါတယ်။ လူငယ်တွေအနေနဲ့ တက္ကသိုလ်တွေမှာ ပညာ တွေသင်ကြသလို အခြားသော Technical Skill တွေလည်း မြှင့်ထားသင့်ပါတယ်။ စီမံခန့်ခွဲမှုပညာတွေနဲ့ အခြားပညာရပ်တွေကိုပါ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် ကိုယ့်အနာဂတ်ကို ပြင်ဆင်ထားသင့်ပါတယ်။



**စုမြတ်နိုးနွယ်**
**(Business Management & Administration )**

ညီမက MBBS နဲ့ကျောင်းပြီးတယ်ဆိုပေမယ့် Hospital Management နဲ့ Administration ပိုင်းကိုပြောင်းချင်တော့ အခုသင်တန်းတက်နေတာပါ။ ဒီအပြောင်းအလဲကာလမှာ ပေါ်လာတဲ့ အခွင့်အလမ်းတွေအတွက် ဘယ်လောက်အထိ အဆင်သင့်ဖြစ်ပြီလဲဆိုရင်တော့ ပြင်ဆင်ဆဲပဲလို့ပြောရမှာပါ။ အင်္ဂလိပ်စာသင်တန်းတွေကော စီမံခန့်ခွဲမှုသင်တန်းတွေလည်း တက်နေပါတယ်။ ကိုယ့်လိုလူငယ်တွေကိုလည်း အခွင့်အလမ်းတွေကို မျက်စိဖွင့်နားစွင့်နေသင့်ပါတယ်။ ဒီအတိုင်းနေလည်း ပြီးသွားမှာပဲဆိုပေမယ့် ကိုယ်က တိုးတက်လိုတယ် သူများထက်အောင်မြင်ချင်တယ်၊ အခွင့်အလမ်းပေါ်လာချိန်မှာ အသုံးချနိုင်ဖို့က ကြိုပြင်ဆင်ထားဖို့ ကြိုးစားထားဖို့ တိုက်တွန်းလိုပါတယ်။



**ငုဝါလှိုင်**
**( Logistic & Supply Chain Management)**

အခုနိုင်ငံတကာစီးပွားရေးတွေ များလာတော့ လူငယ်တွေမှာ ရွေးချယ်ခွင့်တွေတော့ရှိလာပြီ ကိုယ့်ဘက်က အသေချာပြင်ဆင်နိုင်ရင်တော့ အခွင့်အလမ်းပဲပေါ့။ အဲဒါကြောင့်မို့ အခုသင်တန်းတွေတက်နေတာပါ၊ ဆက်တက်မယ့်သင်တန်းတွေလည်းရှိပါတယ်။ ညီမကတော့ ဒီအလုပ်မှာပဲ ပိုပြီးရာထူးမြင့်တဲ့ အပိုင်းကိုသွားဖို့မှန်းထားပေမယ့် ဘာတွေဖြစ်လာမလဲဆိုတာတော့ ယတိပြတ်ပြောဖို့ ခက်ပါတယ်။ တကယ်လို့ အခွင့်အလမ်းက ဒီနေရာထက်သာမယ်ဆိုရင်တော့ တစ်နည်းတစ်ဖုံ ပြောင်းလဲသွားနိုင်တာပေါ့။ အခုကတော့ ကိုယ့်ဘက်ကလုပ်နိုင်တာပြင်နိုင်တာမှန်သမျှတော့ အကောင်းဆုံးပြင်ဆင်နေပါတယ်။



**ဇော်မျိုးဦး**
**( Project Management)**

အခုဆို ကျွန်တော်တို့နိုင်ငံကို ဂျပန်ကုမ္ပဏီတွေ၊ဥရောပလုပ်ငန်းတွေအတော်များများဝင်လာကြပြီ။ သူတို့တွေက နိုင်ငံတကာကုမ္ပဏီတွေဆိုတော့ သူတို့သွားနေတဲ့ပုံစံတွေက ပြည်တွင်းနဲ့မတူပါဘူး။ အခွင့်အလမ်းတွေလည်းများတယ်၊ စိန်ခေါ်မှုတွေလည်းများတော့ ဒါတွေကိုကိုယ်ကဘယ်လိုပုံစံနဲ့အသုံးချမလဲပေါ့။ အခုဈေးကွက်ကလည်းအရမ်းပွင့်လင်းလာပြီ အခွင့်အလမ်းတွေကိုကိုယ်ကမယူနိုင်ရင် တခြားလူတွေကဝင်ယူသွားမှာပဲ။ လုပ်ငန်းတွေ အပိုင်းမှာလည်း ကိုယ့်လုပ်ငန်းအတွင်းမှာ တကယ်ကို Professional ကျတဲ့လူတွေ လိုလာပြီ။ ဒါကလူငယ်တွေအတွက် တကယ်အခွင့်အလမ်းပဲဆိုတော့ ကိုယ့်ဘက်ကအသုံးချနိုင်အောင်ကြိုးစားသင့်ပါတယ်။



**သီဂီဇော်**
**( Marketing Reserach )**

ညီမအလုပ်က Research အပိုင်းမှာ တာဝန်ယူလုပ်နေတာဆိုတော့ ဒီသင်တန်းလာတက်တာပါ၊ စာမေးပွဲဖြေလို့ နိုင်ငံတကာ ဒီပလိုမာတွေ ရလာရင်တော့ ဒီထက်ကောင်းတဲ့ အခွင့်အလမ်းတွေဆီသွားနိုင်မယ်လို့ယုံကြည်ပါတယ်၊ သေချာတာက အင်္ဂလိပ်ဘာသာ စကားကောင်းဖို့လည်းလိုသေးတော့ဒါတွေကိုလည်း ဆက်ပြီးလေ့လာရဦးမှာပါ။ အခုခေတ်က ပညာရပ်တွေများပြီး ကြိုးစားမယ်ဆိုရင် အလွယ်တကူသင်နိုင်မယ့် အခြေအနေတွေလည်းရှိတော့တတ်နိုင်သမျှတော့ လိုက်တက်နေပါတယ်။ သင်ကြားသင်ယူမှုကတော့ အမြဲတမ်းလုပ်နေရမှာဆိုတော့ ကိုယ်အားထုတ်ရင် အားထုတ်သလောက်အခွင့်အရေးရလာမယ်လို့ယုံကြည်ပြီးပြင်ဆင်နေပါတယ်။

The STRATEGY FIRST Times

# အောင်မြင်မယ့်အကြံဉာဏ်သစ်ကို ဘယ်လိုရအောင်စဉ်းစားမလဲ

အရာအာလုံးက Idea လေးတစ်ခုက စပါတယ်။

ကျွန်တော်တို့ အခုအသုံးပြုနေ၊ ကြိုက်နှစ်သက်နေကြတဲ့အရာတွေအားလုံးက ဘာမှမဟုတ်တဲ့အကြံဉာဏ်လေးတစ်ခုကနေစတင်ပြီး အကောင်အထည်ပေါ်လာတာ ဖြစ်ပါတယ်။

အကြံဉာဏ်ကောင်းဆိုတာ အောင်မြင်တဲ့ လုပ်ငန်းတစ်ခုအတွက် စမှတ်လို့ဆိုရင်လည်း မမှားပါဘူး။ အများစုကတော့တခြားသူတွေကြုံတွေ့နေရတဲ့ပြဿနာတွေကို ဖြေရှင်းပေးတဲ့ အရာမျိုးပါ။ ဥပမာ Stripe ဆိုတဲ့ကုမ္ပဏီဆိုရင် ကုမ္ပဏီသေးတွေအကုန်လုံးအတွက်အလုပ်ရှုပ်သက်သာစေမယ့် Online Payment တွေကို ကြားကဆောင်ရွက်ပေးပါတယ်။ သင်က ဒီလိုမျိုး တစ်ခေတ်ဆန်းစေမယ့် အကြံဉာဏ်သစ်နဲ့ လုပ်ငန်းစတင်ပြုလုပ်ချင်တယ်ဆိုရင် ဒီလိုအကြံဉာဏ်တွေအတွက် ဘယ်လိုစဉ်းစားရမယ်ဆိုတဲ့ နည်းလမ်းလေးတွေရှိပါတယ်။



### ၁။အများနဲ့မတူ တမူထူးခြားတဲ့လမ်းကိုရွေးချယ်ပါ။

Idea အသစ်တွေဟာ အတွေ့အကြုံတွေကနေ မွေးဖွားလာတာပါ။ ဒါပေမဲ့ လူတိုင်းမှာရှိတဲ့အတွေ့အကြုံ တွေကနေတော့ ထူးခြားတဲ့ Ideaတွေထွက်လာမှာမဟုတ်ပါဘူး။ Steve Jobsကတော့ ဆန်းသစ်တဲ့အရာတွေကိုတီထွင်ဖန်တီးနိုင်ဖို့ သူများနဲ့မတူတဲ့ အတွေ့အကြုံတွေရှိရမယ်လို့ ပြောခဲ့ပါတယ်။

လေ့လာမှုတွေကလည်း ဒီအချက်ကို ထောက်ခံကြပါတယ်။ Columbia Business School ရဲ့ Fashion ကုမ္ပဏီတွေကို လေ့လာချက်အရ နိုင်ငံရပ်ခြား ၊ မတူညီတဲ့ဓလေ့၊ ယဉ်ကျေးမှုတွေကို လေ့လာဖူးတဲ့ ဒီဇိုင်နာတွေဟာ ပိုပြီးဆန်းသစ်တဲ့ဒီဇိုင်းတွေကိုတီထွင်ဖန်တီးနိုင်တယ်လို့ဆိုပါတယ်။ ထူးခြားတဲ့အတွေးအမြင်နဲ့ အကြံဉာဏ်တွေရရှိဖို့အတွက်လူတကာလုပ်နေတဲ့ လမ်းကနေသွေဖယ်ပြီး လမ်းသစ် တွေကို လျှောက်လှမ်းပါ။ ကိုယ့်ရဲ့ Comfort zone ထဲကနေထွက်ပါ။ လုပ်နေကျမဟုတ်တာတွေကို လုပ်ပါ။

### ၂။အကြံဉာဏ်သစ်တွေ အမြဲတမ်းထုတ်နေပါ။

UC Davis တက္ကသိုလ်က ပါမောက္ခ Silmonton ရဲ့ပြောပုံကတော့ ထက်မြက်တဲ့ အကြံဉာဏ် ရရှိလာဖို့အတွက် အမြဲတမ်းအကြံဉာဏ်အများကြီး ထုတ်နေကြ ဖြစ်ရမယ်လို့ ဖြစ်ပါတယ်။ ကောင်းစရာမလိုပါဘူး နေ့တိုင်း တစ်ခုခုလုပ်ဖို့ကို အကြံဉာဏ်အသစ်တွေသာ ထုတ်နေဖို့ပါပဲ။

ဒီလိုမျိုး Idea သစ်တွေ အမြဲထုတ်နေတာကနေ တကယ်ကောင်းမွန်တဲ့အကြောင်းအရာ အကြံဉာဏ်တွေထုတ်နိုင်ဖို့အတွက် အလေ့အကျင့်ဖြစ်စေမှာပါ။

### ၃။ဝါသနာပါရာများကို လုပ်ဆောင်ပါ။

စွန့်ဦးတီထွင်လုပ်ငန်းရှင်အများစုကသူတို့ရဲ့ဝါသနာပါရာတွေကို ဘေးဖယ်ထားပြီး စီးပွားရေးမှာပဲ အာရုံနှစ်ထားလေ့ရှိပါတယ်။ ဒါပေမဲ့ လေ့လာတွေ့ရှိမှုတွေကဖော်ပြနေတာကတော့ လူတစ်ယောက်ဟာ အလုပ်နဲ့လုံးဝမသက် ဆိုင်တဲ့ တခြားဝါသနာပါရာအလုပ်တွေကို ပုံမှန်လုပ်နေရင်တောင်၊ အလုပ်အပေါ်မှာ ကောင်းတဲ့ အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။ ကိုယ်ဝါသနာပါရာ အနုပညာ၊ ဂီတ စတာတွေကို အားလပ်ချိန်မှာ ပြုလုပ်ခြင်းက စိတ်ကိုအနားပေးရာရောက်တဲ့အပြင် တီထွင်နိုင်စွမ်းကိုလည်း တိုးတက်စေပါတယ်။

### ၄။လှုပ်ရှားပါ။

စာရေးဆရာတွေဟာ ရှေးယခင်တည်းက အကြံဉာဏ်သစ်တွေရရှိဖို့အတွက်လမ်းလျှောက်တာနဲ့ ကိုယ်လက်လှုပ်ရှားမှုတွေကို ပြုလုပ်ခဲ့ကြပါတယ်။

Leiden University ရဲ့မကြာမီက တွေ့ရှိချက်အရ ကျောင်းသားတွေကို လေ့လာကြည့်ရာမှာ တစ်ပတ်ကို (၄)ရက် ကိုယ်လက်လှုပ်ရှားမှု အားကစားပြုလုပ်သူတွေဟာ မပြုလုပ်သူတွေထက် တီထွင်ဆန်းသစ်နိုင်စွမ်း ပိုမြင့်မားတာကိုတွေ့ရပါတယ်။ အားကစားနဲ့ လှုပ်ရှားမှုပြုလုပ်ခြင်းက ဦးနှောက်ကို ပြဿနာတွေကို အဖြေရှာတဲ့အခါမှာ တည်ငြိမ်စွာဆုံးဖြတ်တွေးတောနိုင်စေဖို့ အလေ့အကျင့်ဖြစ်စေပါတယ်။

### ၅။တခြားသူများရဲ့ညည်းညူသံများကိုနားစွင့်ပါ။

Business idea တစ်ခုကို ရှာဖွေတွေ့ရှိဖို့ကတခြားသူတွေရဲ့ပြဿနာတွေကိုနားထောင်ပြီး ဖြေရှင်းပေးဖို့ အဖြေရှာတာပါပဲ။ ပြဿနာတိုင်းရဲ့အဖြေတွေဟာ အောင်မြင်မှုအတွက် လမ်းစတွေဖြစ်နိုင်ပါတယ်။

Idea ကောင်းတွေကို အလိုလို ပေါ်လာဖို့အတွက် စောင့်နေစရာမလိုပါဘူး၊ လေ့ကျင့်ရင်း စဉ်းစားရင်းနဲ့ပဲ ထူးခြားဆန်းပြားတဲ့ ပြည်တန်တဲ့ အကြံဉာဏ်တွေ ထွက်ပေါ်လာနိုင်ပါတယ်။

## ဆရာကြီး၊ ဆရာမကြီးများကို STRATEGY FIRST ကျောင်းသား၊ ကျောင်းသူများမှ ဝါကျွတ်ကန်တော့

STRATEGY FIRST INSTITUTE မှာပညာရပ်တွေ သင်ကြားပို့ချပေးနေတဲ့ ဆရာကြီး၊ ဆရာမကြီးတွေကို ကျောင်းမှာတက်ရောက်နေတဲ့ အတန်းလိုက် သင်တန်းသား၊ သင်တန်းသူတွေနဲ့အတူ STRATEGY FIRST အဖွဲ့သားတွေက သီတင်းကျွတ်အခါသမယမှာ ကန်တော့ခဲ့ကြပါတယ်။














in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

### သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study









# SIGNATURE M.B.A

## December Intake

- သင်တန်းများ ဒီဇင်ဘာလတွင် စတင်ပါမည်။
- Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International Universities သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းကျော်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#239, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Apply now: (09) 450177770**

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

# Excel Data Entry Techniques - Part (2)

Zin Mar Lwin
Global Link Technology

Article 2.1 – Excel တွင် Data Entry လုပ်ရာမှာ အသုံးပြုသွားမယ့် Excel Cursor (3) မျိုးအကြောင်းကိုပြီးခဲ့တဲ့အပတ်ကပြောခဲ့ပြီးဖြစ်ရာ ယခုအပတ်မှစပြီး Data Entry techniques (၅) မျိုးမှ ပထမဆုံးအနေနဲ့ Fill Series Method ကိုဖော်ပြပေးပါမယ်။ Data Entry လုပ်ရာတွင်မူလ Cell [A2] မှာ Data [1] လို့ဖြည့်ပြီး Fill Handle Tool ကိုသုံးကာ Cell [A2] ရဲ့ညာဖက်အောက်ခြေထောင့်မှ အောက်ဖက်သို့ (Cell [A11] ထိ) ပုံ (၁) မှာပြထားတဲ့အတိုင်း ဆွဲချလိုက်ပါ။

ထိုအခါ ကျန် Cell များဖြစ်တဲ့ A3 မှ A11 ထိ [1] ဆိုတဲ့ Data များဝင်သွားပါလိမ့်မယ်။ ပြီးနောက် Fill Series Options button ကို Cell Range ရဲ့အောက်ခြေ ( A11 ရဲ့အောက်) မှာ ဖော်ပြပေးထားပါတယ်။ အဲဒီ Auto Fill Options button ကို Click နှိပ်လိုက်ရင် အောက်ပါ List Options များကို ပြပေးထားပါတယ်။ ပုံ (၂) ကိုကြည့်ပါ။ Default အနေနဲ့ Copy Cells ဖြစ်နေလိမ့်မယ်။ Fill Series Option ထဲမှ Option တစ်ချင်းစီကို စမ်းသပ်ကြည့်နိုင်ပါတယ်။

Copy Cells – Series စဆွဲတဲ့ Cell မှ Data ကို ကျန် Cell များမှာလည်း ထို Data အတိုင်း Copy ကူးယူလိုတဲ့အခါမှာ ရွေးချယ်နိုင်ပါတယ်။ ဥပမာ – Cell A2 ထဲမှ 1 ကို Copy ကူးယူချင်းနဲ့တူပါတယ်။

Fill Series – ကိန်းဂဏန်းတစ်ခုကိုရေးပြီး Series ဆွဲရာမှာကျန် Cell များမှာ အစဉ်လိုက် ကိန်းဂဏန်းများ ဖြစ်လိုရင် Fill Series ကိုရွေးပါ။ ဥပမာ – Cell A2 မှ A11 ထိ ကိန်းဂဏန်း အစဉ်လိုက် ဖြစ်လိုရင်ရွေးပါ။

Fill Formatting Only – မူလ Series ဆွဲလိုက်တဲ့ Cell မှ Data ကိုမယူဘဲ Cell ရဲ့ Format ကိုသာယူသုံးလိုရင်ရွေးနိုင်ပါတယ်။ ဥပမာ – Cell A2 မှာ Bold Format တင်ထားပါက Fill Series ဆွဲထားတဲ့ Cell များမှာလည်း Data မပါဘဲ Bold Format ဖြစ်နိုင်ပါတယ်။







Fill Without Formatting - မူလ Cell မှ Data ကိုသာယူပြီး Format မယူလိုတဲ့အခါ ရွေးချယ်နိုင်ပါတယ်။

အခုအပတ်မှာတော့ Numerical Data များနဲ့ Fill Series Option ဖော်ပြပြီးနောက်အပတ်တွေမှာတော့ Month, Day Data များနဲ့ ဆက်လက်တင်ဆက်ပေးသွားပါမယ်။ ■

FrieslandCampina

## Management Assistant

**Key Responsibilities**

- Coordinating and preparing the meeting to match the Managing Director's agenda.
- Interface of MD with government officials/ institutions.
- Handling correspondence, keeping outcome correspondence
- Processing translation task from and to English
- Facilitating agenda, meeting, coordinating the meeting and attending
- Managing all calendars weekly (xls) and ensure its distribution
- Support general administration to Management Team, Liaising with vendors for office supplies
- Visa, organizing travel & accommodation arrangements with travel agency
- Handling the business phone call, receiving/ communicating message to related team

**Competency Requirements**

- University graduate, fluent in English
- 3 years experiences as Secretary to Director
- Proficient in Access/ Excel/ Word

Interested and qualified candidates are encouraged to send resumes to yuwah.mon@frieslandcampina.com or MICT park, Building 18, Level 6, Hlaing Township, Yangon, Myanmar.01-2305374/5 Ext. 122

MD ဖြိုးတော် မဥမ္မာ



သံပြား၊ ဟင်ဂလန်၊ ဖော်လို၊ သံပိုက်၊ စီချန်နယ် နှင့် သံထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး

သံပြားဖြတ်ခေါက်ချိုးသံပန်း/သံတံခါး၊ တွန်းလှည်းနှင့် သံဒါန်း/စတီးဒါန်းလုပ်ငန်း

STRATEGY FIRST မှ ကျောင်းသား/သူများဝယ်ယူပါက (၅%) လျှော့ပေးပါမည်။

အမှတ်(၂၇၄/ဃ) ဆင်တဲလမ်းနှင့် မလွန်လမ်းထောင့်၊ စက်မှုဇုန်(၃)တောင်ဒဂုံ၊

အမှတ်(၀၃/၂၂၇)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)တောင်ဒဂုံ၊

01- 8100643, 09 - 73116190, 09 - 8635010, 09 - 5143487, 09 - 421015416

## Comments Welcome

STRATEGY FIRST INSTITUTE မှ ကျောင်းသား၊ ကျောင်းသူများ အဆင်မပြေမှုများအတွက် ဆရာဦးအောင်ချစ်ခင် (Principal) သို့ တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်နှင့်တကွ email များကိုလည်း အောက်တွင်ဖော်ပြထားပါသည်။

**(09) 250 7171 66~68**

**aungchitkhin@mystrategyfirst.com**

# "ကိုယ့်လုပ်ငန်းကို စိတ်ချနိုင်တဲ့ အခြေအနေလမ်းကြောင်းပေါ် မရောက်မချင်း နေ့နေ့ညညကြိုးစားတယ်" လို့ ပြောတဲ့

## EBS MBA တက်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် မအိမ်စည်ဖြူ နဲ့တွေ့ဆုံမေးမြန်းခြင်း

**SFJ Team**

ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အစားအသောက်ဖြန့်ချိရေး စတဲ့ လုပ်ငန်းများစွာကို ဦးစီးလုပ်ကိုင်နေတဲ့ အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် မအိမ်စည်ဖြူနဲ့ တွေ့ဆုံမေးမြန်းမှုတွေကို ယခုတစ်ပတ် **STRATEGY FIRST** Times မှာ ဖော်ပြပေးလိုက်ပါတယ်။ မအိမ်စည်ဖြူက **STRATEGY FIRST INSTITUTE** မှာဖွင့်လှစ်ထားတဲ့ EBS MBA First Batch အတန်းကို တက်ရောက်နေသူတစ်ဦးလည်းဖြစ်ပြီး သူ့ရဲ့လုပ်ငန်းအတွေ့အကြုံတွေ၊ ဦးစီးလုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ဖြတ်သန်းခဲ့တဲ့ ဘဝအစိတ်အပိုင်းတချို့ကို လေ့လာဖတ်ရှုနိုင်ပါတယ်။



**မေး။ ။ အစ်မလက်ရှိလုပ်ကိုင်နေတဲ့ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းအကြောင်းကို အရင်ဆုံး ပြောပြပေးပါ။**

ဖြေ။ ။ ကျွန်မက Areindmar Hotel, Oasis Hotel, New Age Travellers, New Age Food Products စတဲ့ လုပ်ငန်းတွေမှာ Business Development Director အဖြစ် တာဝန်များထမ်းဆောင်နေပါတယ်။ Areindmar Hotel ကပုဂံမှာပါ။ Oasis Hotel ကတော့ ညောင်ဦးမှာပါ။ အခန်းအားဖြင့် Areindmar ကအခန်း (၅၀) ရှိပါတယ်။ Oasis ကတော့ (၁၈) ခန်းရှိပါတယ်။ New Age Travellers ကတော့ ပြည်တွင်းခရီးသွားလုပ်ငန်းပါ။ New Age Food Products ကတော့ပြည်ပကတင်သွင်းလာတဲ့စားသောက်ကုန်ပစ္စည်းတွေကို ဟိုတယ်နဲ့ စားသောက်ဆိုင်တွေကိုဖြန့်ချိတဲ့လုပ်ငန်းပါ။

**မေး။ ။ အစ်မ လျှောက်လှမ်းလာခဲ့တဲ့ပညာရေးလမ်းကြောင်းကို ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်မက တက္ကသိုလ်မှာ Chemistry ဘာသာရပ်ကို အဝေးသင်ပဲ တတ်ခဲ့တာပါ။ Business Management နဲ့ ပတ်သက်တဲ့ သင်တန်းကျောင်းတွေ တတ်ခဲ့ပေမယ့် သေချာတစ်စိုက်မတ်မတ် မလုပ်ခဲ့တဲ့အတွက် မပြီးဆုံးခဲ့ပါဘူး။ တစ်ဝက်တစ်ပျက်နဲ့ အလုပ်ဘက်ကိုပဲ ပိုအလေးပေးဖြစ်ခဲ့ပါတယ်။ အခုမှ အသက်အရွယ်အားဖြင့်ကော၊ လုပ်ငန်းအတွေ့အကြုံအရကော စီးပွားရေးနဲ့ သက်ဆိုင်တဲ့ ပညာရေးဘက်မှာ သေချာလေးလုပ်ဖို့ လိုလာပြီဆိုတဲ့ အသိလည်း ဝင်လာတဲ့ အချိန်ပေါ့။ ဒါကြောင့် **STRATEGY FRIST** ကဖွင့်လှစ်ပေးတဲ့ Edinburgh Business School ရဲ့ MBA First Batch အတန်းမှာ တတ်နေပါတယ်။

**မေး။ ။ အစ်မ လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ထားရှိခဲ့တဲ့ရည်မှန်းချက်တွေကို ပြောပြပေးပါ။**

ဖြေ။ ။ လုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး ကျွန်မထားရှိတဲ့ ရည်မှန်းချက်ကတော့ ကိုယ်လက်ရှိလုပ်နေတဲ့ အလုပ်တွေကို တစ်နေ့ထက်တစ်နေ့ အကောင်းဆုံးနဲ့ တိုးတက်အောင်၊ တစ်နေရာထဲမှာရပ်မနေဘဲအမြဲတမ်းတိုးတက်အောင်လုပ်သွားဖို့ပါပဲ။ လုပ်ငန်းတိုးတက်တယ်ဆိုရင် အောင်မြင်တယ်၊ အောင်မြင်တယ်ဆိုရင် ကိုယ့်ရည်မှန်းချက်ပြည့်တယ်လို့ ခံယူထားပါတယ်။

**မေး။ ။ ရည်ရွယ်ချက်တွေအတိုင်း အကောင်အထည်ပေါ်လာဖို့ ဘယ်လိုကြိုးစားခဲ့ပါလဲ။**

ဖြေ။ ။ ကျွန်မကိုယ်ပိုင်လုပ်ငန်းစလုပ်တော့တော်တော်လေး အဆင်မပြေပါဘူး။ အလုပ်မဖြစ်ဘူး ပြောရမှာပေါ့။ ဒါပေမဲ့ စိတ်ဓာတ်မကျဘူး။ ဒီနေ့ အဆင်မပြေလည်း နောက်နေ့အတွက်ဆိုပြီး ပိုလုပ်တယ်။ အလုပ်ထဲမှာပဲ ကျွန်မ စိတ်နှစ်ထားတယ်။ ကျွန်မရဲ့အချိန်တော်တော်များများကို အလုပ်အတွက်ပဲ အသုံးချခဲ့တယ်။ သူများလုပ်တာတွေ လေ့လာတယ်။ ဝန်ထမ်းတွေနဲ့ အတူတူအောက်ခြေသိမ်းအလုပ်ကအစ ကျွန်မဝင်လုပ်တယ်။ ကျွန်မ မလုပ်တတ်တဲ့ လုပ်ငန်းသဘောတရားတွေကိုကျွန်မဝန်ထမ်းတွေဆီက ပြန်လေ့လာတယ်။ အတွေ့အကြုံရှိတဲ့ ကျွန်မအထက်က လူကြီးတွေဆီက သင်ယူတယ်၊ ပြန်စီမံခန့်ခွဲတတ်အောင် လေ့ကျင့်တယ်။ လုပ်ရင်းနဲ့အလုပ်ကပိုစိတ်ဝင်စားစရာကောင်းလာတယ်။ အလုပ်လုပ်ရတာပျော်လာတယ်။ တစ်နေ့ထက်တစ်နေ့တိုးတက်လာတယ်။ အဲ့တော့ကိုယ်လုပ်တဲ့ အလုပ်တွေအောင်မြင်ရမယ်ဆိုတဲ့ ရည်မှန်းချက်လည်း တဖြည်းဖြည်းနဲ့ အကောင်အထည်ပေါ်လာတာပေါ့။ အလုပ်နဲ့ ပတ်သက်ပြီး အရမ်းခက်ခက်ခဲခဲရုန်းကန်ခဲ့ရတာမျိုးတော့မရှိခဲ့ပါဘူး။ အချိန်နဲ့ စိတ်ရှည်မှုပါပဲ။

**မေး။ ။ အစ်မ စီးပွားရေးလမ်းကြောင်းဘက်ကိုအခြေချဖြစ်လာခဲ့တဲ့အခြေအနေကိုပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်မကိုယ်ပိုင်လုပ်ငန်းမစခင်ပြည်တွင်းလေကြောင်းလိုင်းတစ်ခုကစင်ကာပူလူမျိုး CEO ရဲ့ Secretary အဖြစ်လုပ်ကိုင်ခဲ့ပါတယ်။ နောက်ပိုင်း ကျွန်မဆရာ တာဝန်ပြီးဆုံးလို့ သူ့နိုင်ငံပြန်မယ်ဆိုတာသိရတဲ့အချိန်ကျတော့ကျွန်မလည်း သူပြန်ရင်အလုပ်ထွက်မယ်။ ဝန်ထမ်းလုပ်သက်အတွေ့အကြုံလည်း အတော်အသင့်ရှိပြီ။ ဒီလေကြောင်းလိုင်းအလုပ်ပြီးရင် ကိုယ်ပိုင်လုပ်ငန်းပဲ လုပ်တော့မယ်ဆိုတဲ့ အစီအစဉ်ကလည်း နဂိုကတည်းကရှိပြီးသားဆိုတော့ အဲ့ဒီအလုပ်က မထွက်ခင်တည်းက ကိုယ်လုပ်မယ့် လုပ်ငန်းအတွက် ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားပါတယ်။ ဆရာပြန်ပြီး တစ်လလောက်နေပြီးမှ ကျွန်မအလုပ်ထွက်ပြီး ကိုယ်ပိုင်လုပ်ငန်းကို စတင်ခဲ့တာပါ။ လွန်ခဲ့တဲ (၇) နှစ်ကပါ။

**မေး။ ။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းခွင်ထဲရောက်ရှိချိန်မှာ ကြုံတွေ့တဲ့ အခက်အခဲတွေကို ပြောပြပေးပါ။ စိန်ခေါ်မှုတွေကို ဘယ်လိုကျော်လွှားခဲ့ပါလဲ။**

ဖြေ။ ။ ကျွန်မက လက်တွေ့ကနေ စာတွေ့ကိုပြန်သွားနေရတဲ့ အခြေအနေပါ။ တကယ်တမ်း ကျွန်မအလုပ်လုပ်နေတယ်ဆိုတာကစီးပွားရေးနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေကိုနားလည်ပြီး လုပ်နေရတာ မဟုတ်ပါဘူး။ လုပ်ငန်းအတွေ့အကြုံ၊ ဝီရိယ၊ ကြိုးစားမှုတွေကိုသာထည့်ပြီး အလုပ်ဖြစ်မယ်ထင်တာကိုကြိုးစားလုပ်နေတာပါ။ စိန်ခေါ်မှုတွေ ဘယ်လိုကျော်လွှားလဲဆိုတော့ အလုပ်မဖြစ်ခဲ့တဲ့ အချိန်တွေတုန်းက စိတ်ဓာတ်နည်းနည်းကျတယ်။ ပြန်အားတင်းတယ်။ ပြန်လုပ်တယ်။ ဒီလိုနဲ့ပဲကျော်ဖြတ်သွားနိုင်ခဲ့ပါတယ်။

**မေး။ ။ သင်ကြားလေ့လာခဲ့တဲ့ စီးပွားရေးဆိုင်ရာ ဘာသာရပ်တွေကမှာရော ဘယ်လိုအကျိုးရှိစေတယ်ဆိုတာ ပြောပြပေးပါ။ စာတွေ့နဲ့ လက်တွေ့ဘယ်လိုကွာခြားချက်တွေရှိလဲ။**

ဖြေ။ ။ လုပ်ငန်းနယ်ပယ်အလိုက် သက်ဆိုင်ရာဘာသာရပ်ထဲမှာပါတဲ့ အခြေခံသဘောတရားတွေနဲ့ လက်တွေ့လုပ်ငန်းပိုင်းနဲ့ ဆက်စပ်ပြီး အသုံးချတတ်ရင် အရမ်းအကျိုးရှိပါတယ်။ စာတွေ့နဲ့ လက်တွေ့ဆက်စပ်မှုရှိပါတယ်။ ချက်ချင်းပုံမဖော်နိုင်တာနဲ့ ကိုယ်လုပ်တဲ့ နည်းလမ်းလွဲနေတာပဲရှိပါတယ်။ ကိုယ်သက်ဆိုင်ရာလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ လက်တွေ့က စာထဲမှာပါတဲ့ အကြောင်းအရာအများစုပါပဲ။ တချို့သော မတူညီတဲ့ အခြေအနေ၊ အကြောင်းအရာတွေကြောင့်စာထဲမှာပါတဲ့အတိုင်း Apply လုပ်လို့မရတဲ့ ချွင်းချက်တွေတော့ ရှိပါတယ်။ နောက်တစ်ခုက စီးပွားရေးဘာသာကိုသင်ကြားလေ့လာထားတဲ့သူနဲ့ မသင်ကြားခဲ့ရဘဲ လက်တွေ့နဲ့သာ သွားနေရသူတို့ စီးပွားရေးနဲ့ ပတ်သက်ပြီး ပြောဆိုကြရတဲ့အခါမှာ မတူညီနိုင်ပါဘူး။ အတွေးအခေါ်၊ ထင်မြင်ယူဆချက်၊ သုံးသပ်ချက်တွေမှာကွာဟမှုတွေရှိနိုင်ပါတယ်။ စာတွေ့ပိုင်းပါလေ့လာထားတဲ့သူကတော့ပိုပြည့်စုံသွားတာပေါ့။

**မေး။ ။ လျှောက်လှမ်းဖြတ်သန်းလာခဲ့တဲ့လုပ်ငန်းအတွေ့အကြုံများကိုလည်း Share ပေးပါဦး။**

ဖြေ။ ။ လျှောက်လှမ်းလာတဲ့ လုပ်ငန်းအတွေ့အကြုံကတော့ ကျွန်မ အဝေးသင်တက်ရင်း ကုမ္ပဏီတွေမှာ အလုပ်ဝင်လုပ်တဲ့ ဝန်ထမ်းပေါ့။ New Age Travellers ခရီးသွားလုပ်ငန်းက လွန်ခဲ့တဲ့ (၇) နှစ်ကမှ စတာပါ။ နောက် ဟိုတယ်လုပ်ငန်းထပ်လုပ်တယ်။ ဒါကလည်း ကျွန်မတို့လုပ်ငန်းတွေရဲ့ MD က ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခဲ့တာ ခေတ်ဦးပိုင်းလို့ ပြောရမှာပေါ့။ သူ့လမ်းညွှန်မှုအောက်မှာပဲ ကျွန်မ ဒီဟိုတယ်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်တယ်။ အဲ့ဒီကနေပြီးခဲ့တဲ့ (၁) နှစ်ကျော်လောက်မှာ စားသောက်ကုန် ဖြန့်ချိတဲ့ လုပ်ငန်းကို ထပ်လုပ်ခဲ့ပါတယ်။

**မေး။ ။ စီးပွားရေးလုပ်ငန်းနယ်ပယ်မှာအခုလို အောင်မြင်သူတစ်ဦးဖြစ်အောင်ကြိုးစားခဲ့တဲ့ အခြေအနေကို ပြောပေးပါဦး။**

ဖြေ။ ။ ကြိုးစားခဲ့တာကတော့ နေ့စဉ်လုပ်နေတဲ့ အလုပ်ပေါ်မှာပဲ အားစိုက်သွားတာပါ။ ထွေထွေ

စာမျက်နှာ - ၉ သို့

SFJ Team

# Ice Age - collision course (2016)

'DwpfwfMovie Review u@twuf vI,fvluD a&;udufEpSbufuwhIce Age umwefZmwfum;av;ukhefqk &ap/Ice Age umwefpDⅅudumufqkxuf Ice Age - collision course [m2016? ZlvdkifvxrSxuf&Sdm;cJhwmjzpfyw,f/

Ice Age yxrZmwfum;u 2002 rSS xuf&SdcJhwmjzpfyD 14 EpftwGif Ice Age (2002)? Ice Age: The Meltdown (2006)? Ice Age: Dawn of the Dinosaurs (2009)? Ice Age: Continental Drift (2012)? Ice Age: Collision Course (2016) pkpkaygif; (5) um; xuf&SdcJhwmjzpfyw,f/ Ice Age ukdunfhcJhwq,fausmfbuft&,faw awmiftckqdkif 20-25 t&,fudk&mufaeMuyDjzpfyw,f/ q,fpkEpfwpfckausmf twGif tatmifjrifqHk umwefZmwfum; pD&DDwpfckvnf jzpfyw,f/

Ice Age - collision Course u 2012 rSS xuf&SdcJhwh Ice Age: Continental Drift &J&Sdmufqufwl Zmwfvrf;wpfckjzpfyw,f/ ½kyf&SifZmwfum;rsm;ukdRating ay;wJh IMDB rSS Rating 5.7 ay;xm;yw,f/

Zmwfvrf;tpmrSS Ice Age Zmwfum; awmrSSryjrjzpfEIwfbD&SD&SdeYScrat aumifav;u ok&Uufbpfc oDudkvdkifvH zrf,lae&ifpeyfpfxm;wh Alien Ship wpfpif;ukdbm;Edkifygawmh w,f/ Scrat eY Alien Ship u tmumoxukd&muf&Sdm; yw,f/ Scrat aumifav;u ok&UufbpfcoDudkvdkifzrf&if Alien Ship u cvkwfawukdSEyfrdyD tmumox&Sdvf trm;tjym;ukdwdkifrdyw,f/ t'DuvfodMdvf rT;awu urÇ¾jrqDudkDwnfyD




uqifvmyw,f/

wpfydefufwnfrSyurÇ¾jr&Sdqif uD Manny u oYrDu rlumrDvuf xyfawmh,ft a&;eYwfbufyDp&dcdwf yaeyw,f/ um;uD Diego u oYeD Shira &udm;pkb0topfwpfckpwifzGifYkaey w,f/ Sloth aumifav; Sid wpfa,muf awmhoYumifav;uvufxyfzdkYifvdkf vdkYtonfuuefpjzpfaeyw,f/

qifuD Manny eYoYrr Ellie wdkYU r*vmEpfywfvnfywfDSt umoxu *dvfbod*dvfrT;awu ajryifay;pwif ua&mufvmyawmh w,fqifuD Manny wdkYykpk*dvfawuvmwhtEÅm,fuae vwfajrmuftmifaoajy;&Sfajy;vm& yw,f/

t'Dcdf rSyajratmufvdkfPf*fxu rufvkHwpfzuf&Shuuav; Buck u a&S[mifausmufwkHwpfwkHukdwfa&GyD t'DusmufwkHukdlyDqifuD Manny wdkYykpk Dvdkvma&mufawqkHw,f/ t'DusmufwkHrSbmawyrv?qifuD Manny wdkYykpka&murÇufEÅm,f uae vwfajrmufEkifrv/? tmumox a&mufScrat ua&m bmawarTDvqkd wmukdawmhumwef;cpfbwdkYqufvuf ½kpm;uyvdkYwdkfwefvdkf&yw,f/

■



## စာမျက်နှာ - ၈ မှအဆက်

ထူးထူးတော့မရှိပါဘူး။ အလုပ်ကိုစိတ်ဝင်တစားနဲ့ သေချာလုပ်တယ်၊ အလုပ်အပေါ်မှာလည်း စည်းကမ်းထားတယ်။ ပြီးစလွယ်မလုပ်ဘူး။ ကိုယ့်လုပ်ငန်းကိုစိတ်ချနိုင်တဲ့ အခြေအနေ လမ်းကြောင်းပေါ် မရောက်မချင်း နေ့နေ့ညည ကြိုးစားတယ်။ အချိန်တော်တော်များများကို အလုပ်ထဲမှာပဲ နှစ်မြှုပ်ထားပါတယ်။ ဝန်ထမ်းတွေကိုလည်း အဆင့်ဆင့် သေသေချာချာလေး ကျွန်မ အုပ်ချုပ်တယ်။ စီမံခန့်ခွဲတယ်။ လုပ်ငန်းတစ်ခု အောင်မြင်ဖို့ရာ ဝန်ထမ်းတွေမပါဘဲ၊ သူတို့ရဲ့ အထောက်အပံ့မပါဘဲ အလုပ်ရှင်တစ်ယောက်တည်းကောင်းနေလို့ ကြိုးစားနေလို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူတို့ဘက်ကလည်း အလုပ်ပေါ်မှာ သေချာစေတနာထားပြီး ကြိုးစားပေးတယ်၊ ပံ့ပိုးပေးကြပါတယ်။

**မေး။ ။ လုပ်ငန်းခွင်စတင်ဝင်ရောက်လာမယ့် လူငယ်များအတွက် ဘာတွေဖြည့်ဆည်းသင်ယူရမလဲ။**

**ဖြေ။ ။** ပြင်ဆင်ရမှာကတော့ ဘာသာစကား အထူးသဖြင့် English ပေါ့။ နောက် စီးပွားရေးနဲ့ သက်ဆိုင်တဲ့ဘာသာရပ်တွေပေါ့။ ကိုယ်လုပ်မယ့် အလုပ်၊ စိတ်ဝင်စားတဲ့ လုပ်ချင်တဲ့အလုပ် အကြောင်းတွေကို ကြိုလေ့လာထားဖို့ပါ။ ဖြည့်ဆည်းသင်ယူရမှာကတော့ လုပ်ငန်းခွင်ဝင်တဲ့ အချိန်မှာကိုယ်လုပ်နေတဲ့အလုပ်ပေါ်မှာစေတနာထားရမယ်၊ တာဝန်ယူစိတ်ရှိရမယ်၊ လေ့လာသင်ယူလိုစိတ်ရှိရမယ်၊ စိတ်ဝင်စားမှု ရှိရမယ်၊ ကိုယ်ပိုင်အလုပ်လို သဘောထားရမယ်၊ ဒါတွေက အလုပ်လုပ်ပြီဆိုရင် ရှိကိုရှိသင့်တဲ့ ကောင်းတဲ့ စိတ်ဓာတ်၊ ကိုယ်တိုင်မွေးမြူ ဖြည့်ဆည်းရမယ့်အရာတွေပါပဲ။

**မေး။ ။ စီးပွားရေးပညာရပ်ပိုင်း ဆက်လက်လေ့လာတာတွေရှိပါသေးသလား။**

**ဖြေ။ ။** ကျွန်မ အခုလက်ရှိ လေ့လာသင်ယူနေတာကတော့ **Strategy First** ကဖွင့်လှစ်ပေးတဲ့ EBS MBA ပါ။

**မေး။ ။ MBA ကို Strategy First မှာ ရွေးချယ်တက်ရောက်ဖြစ်ခဲ့တဲ့အကြောင်းကိုပြောပေးပါဦး။**

**ဖြေ။ ။** ကျွန်မက MBA တတ်မယ်လို့ အစီအစဉ်ချတဲ့အချိန်မှာကျောင်းတွေလိုက်စုံစမ်းပါတယ်။ ပြည်တွင်းကော၊ ပြည်ပကောပေါ့၊ ပြည်ပက ကိုယ့်အလုပ်နဲ့ ဘယ်လိုမှ သွားတတ်နိုင်မှာ မဟုတ်တဲ့အတွက် Online MBA Course တွေကို စုံစမ်းတာပါ။ ဒီမှာလည်း စုံစမ်းပေါ့။ အလုပ်ချိန်နဲ့လည်း အဆင်ပြေနိုင်၊ စာပိုင်းမှာလည်း သေသေချာချာစနစ်တကျနဲ့ သင်တဲ့ဟာမျိုးပေါ့ ။ နောက်တစ်ခု ကျွန်မတတ်ချင်တဲ့ ကျောင်းက သင်ကြားမှုပိုင်းမှာလည်း ကောင်းရမယ်။ နာမည်ကောင်းရှိရမယ်။ ကိုယ်ရမယ့် MBA ကလည်း အမှန်တကယ်တန်ဖိုးရှိတာမျိုး ဖြစ်ရမယ်ပေါ့နော်။ ကိုယ်ရမယ့် MBA ဆိုတာ ဘွဲ့ရတာတစ်ခုတည်းကို ပြောတာမဟုတ်ပါဘူး။ ဒါကိုသင်လိုက်လို့၊တက်လိုက်လို့ရလာမယ့်ပညာနဲ့ ဆက်စပ်တဲ့အကျိုးကျေးဇူးပါ။ အဲ့ဒါနဲ့ **Strategy First** က Heriot- Watt University ရဲ့ EBS MBA ဖွင့်မယ်ဆိုတော့ ဝမ်းသာသွားတာပေါ့။ ကျွန်မရုံးကဝန်ထမ်းတချို့ကလည်း ဒီမှာတက်နေကြတယ်။ ကျွန်မသူတို့ဆီက ကျောင်းရဲ့ အခြေအနေကိုမေးတယ်၊ ဒီမှာလည်း လာစုံစမ်းပြီး တက်ဖြစ်သွားတာပါ။

**မေး။ ။ အခုလိုစီးပွားရေးဆိုင်ရာပညာရေးကို ဆက်လက်သင်ယူနေတဲ့ အစ်မရဲ့ခံယူချက်ကိုလည်း ပြောပေးပါဦး။**

**ဖြေ။ ။** ကျွန်မက ပညာရေးနဲ့ အတော်လေးဝေးနေတာပါ။ အခုမှတစ်စိုက်မတ်မတ်ပြန်လေ့လာရမှာပါ။ ပညာရေးဆိုတာ လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အခုခေတ်အခြေအနေမှာ ပိုတောင်လိုအပ်ပါတယ်။

**မေး။ ။ မိသားစု၊ အလုပ်နဲ့ ပညာရေးပိုင်း ဘယ်လိုဟန်ချက်ညီအောင် ဆောင်ရွက်ရပါသလဲ။**

**ဖြေ။ ။** မိသားစုကို အချိန်ပေးပါတယ်။ အလုပ်ပြီးချိန် ညပိုင်းနဲ့ အလုပ်အားရက်တွေပါ။ ရန်ကုန်မှာကျွန်မအပြင် သိပ်ထွက်လေ့မရှိပါဘူး။ အလုပ်ပြီးတာနဲ့ အိမ်တန်းပြန်၊ မိသားစုပဲနဲ့နေပါတယ်။ အလုပ်အတွက် ခရီးသွားရတာများတဲ့အတွက် တစ်ခါတစ်ရံတော့ မိသားစုပါ ခေါ်သွားလေ့ရှိပါတယ်။ EBS MBA အတန်းကလည်း စနေ၊ တနင်္ဂနွေ တစ်ပတ်ခြားဆိုတော့ အလုပ်ချိန်နဲ့တော့ အဆင်ပြေပါတယ်။

**မေး။ ။ အောင်မြင်ချင်တဲ့လူငယ်တွေအတွက် အစ်မအနေနဲ့ ဘယ်လိုအကြံပေးချင်လဲ။**

**ဖြေ။ ။** အောင်မြင်တိုးတတ်ချင်တယ်ဆိုရင် အလုပ်နဲ့ လက်နဲ့မပြတ်အောင်လုပ်ပါ၊ မပျင်းပါနဲ့၊ ဝီရိယရှိပါ၊ ဇွဲရှိပါ၊ စိတ်ရှည်ပါ ။ သူများဆီက ကောင်းတဲ့ အကျင့်တွေ အတုယူပါ။ ရည်မှန်းချက်ထားပါ၊ ရည်မှန်းချက်တစ်ခု ရောက်ပြီဆိုလည်း မရပ်လိုက်ပါနဲ့။ နောက်တစ်ခုအတွက် ဆက်လုပ်ပါ။ ကိုယ့်ရဲ့ ရည်မှန်းချက်၊ ခံယူချက်တွေရပ်သွားတာနဲ့ကိုယ့်ရဲ့အရည်အသွေးလည်း တစ်ပါတည်း ရပ်သွားမယ်ဆိုတာကို လက်ခံထားပါလို့ အကြံပေးပြောချင်ပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် **Strategy First Times** မှ ကျေးဇူးတင်ပါတယ်။

# Own Business Management Level -2 တန်းခွဲသစ်ဖွင့်မည်

uk,fydkvkyfief&Sifrsm; twufCertificate in Own Business Management | Level 2: Manage your business (63 hours) - (OBM2 Batch 17) wef;copfEdkifbmv (16) &ufaeYwifrSpwifw,f uk,fydkifpD;yGm;a&; vkyfief&Sifrsm; twufoD;oefYpDpOfxm;aom Certificate in Own Business Management oifwef;twufpwifpm&if;ay;oif;t yfEdkifygyD

Certificate in Own Business Management Level 2: Manage your business (63 hours)

(Practical Approach to Managing Small and Medium-Sized Businesses)

oifMum;ay;rnfbmomrsm;ESifhpOfrsm; -

1.Soft Skills for Business Owners – pD;yGm;a&; vkyfief&Sifrsm; twuf vdktyfaomprf;&nfrsm;? Prof. Dr. Aung Tun Thet, Ph.D (Manchester), Former President's Economic Advisor

2. Managing Human Resources - vlYrpf;t m; t &ifttjrpfpDrHcefYcJrcif;? Dr. Daw Ohnmar Myint, Ph.D (HRM, Delhi), M. Com, B. Com (Hons, YIE)

3.Managing Finance - b@ma&;qkdif&mpDrHcefYcJrcif;? Daw Htay Htay Myint, M. Com, B. Com (Hons, YIE)

4.Managing the Markets - aps;uGufpDrHcefYcJrcif;? U Aung Chit Khin, MBA (Nottingham), PG Dip M, Dip M (CIM, UK) (Founder/ Principal (Strategy First Institute)

5.Principles of Management - pDrHcefYcJrIoabmw&m;rsm;? Daw Aye Aye Win, M.A (Int'l Business Studies, Sophia), M. Com, B. Com (Hons, YIE), Diploma in English

6.Managing Manufacturing & Operation - xkwfvkyfEdkifrSKESifh aqmif rGufvkyfief;pOfrsm; pDrHcefYcJrcif;? Daw Aye Aye Win, M.A (Int'l Business



Studies, Sophia), M. Com, B. Com (Hons, YIE),Diploma in English

bmomrsm; (6) ckudkvkyfief&Sifrsm; twufcsdefwdkuftm;jzifh oifMum;ay;ygrnf

Class Schedule - Wed, Thu, Fri (9:00 am to 12:00 pm) and Sat (9:00 am to 4:00 pm) | 16 Nov to 14 Dec 2016 | oifwef;aMu; - 375,000 usyf

OBM Workshop Series wGif

Level 1: Start vkyfief;opfpwifjcif;

Level 2: Manage vkyfief;udkpDrHcefYcJjcif;

Level 3: Grow vkyfief;udk wdk;csJUxGm;&ufjcif;

oifwef;okH;ckjcm;oifMum;ay;ygonf/ vkyfief;ydkif&Sifrsm;omru twGuf;rSvkyfief&SifjzpfvmrnfYolrsm; twufjzpfygonf/

Level 2 wufa&mufygDu OBM Level 3 - Grow Your Business udkqufvufwufa&mufEdkifygonf/

---

# Strategy First Institute မှ ကျောင်းသား၊ ကျောင်းသူများရဲ့ ခရီးစဉ်များမှ အမှတ်တရဓာတ်ပုံများ

**Strategy First Institute** မှ ဆရာကြီး ဒေါက်တာစိန်မင်း နဲ့ Marketing Management Batch -11-01မှ ကျောင်းသား/ ကျောင်းသူများ ပဲခူးမြို့ရှိ ပန်းပျိုးလက်ကျောင်းသို့ အောက်တိုဘာ (၂) ရက်နေ့က သွားရောက် လှူဒါန်းခဲ့ပါတယ်။ Marketing Management Batch -11-02 မှ ကျောင်းသား/ကျောင်းသူ များကလည်း ရန်ကုန် စိတ်ကျန်းမာရေးဆေးရုံသို့ စက်တင်ဘာလ (၉) ရက်နေ့က သွားရောက် လှူဒါန်းခဲ့ကြပါတယ်။ Own Business Management Batch - 15 မှကျောင်းသား/ကျောင်းသူများကလည်း သထုံ၊ ဖင်းကျိုက်၊ မော်လမြိုင်နဲ့ မြဝတီ၊ မဲဆောက် တို့သို့လည်းကောင်း လေ့လာခရီးအဖြစ် သွားရောက်ခဲ့ကြ ပါတယ်။ Public Relations Batch -11 မှ ကျောင်းသား/ ကျောင်းသူများကလည်း ကလောမြို့သို့လည်းကောင်းလေ့လာရေးခရီးအဖြစ် သွားရောက်ခဲ့ကြပါတယ်။



Marketing Management Batch -11-01



Marketing Management Batch -11-02




Marketing Management Batch -11-01



Own Business Management Batch - 15



Own Business Management Batch - 15




Public Relations Batch -11

# Own Business Management Level -3 တန်းခွဲသစ်ဖွင့်မည်

vkyfief;wdkufxkwfvkyfief; rsm;aomvkyfief;&Sifrsm; twufvkyfief; wdk;wufatmifjrifa&;twGuf vdktyfaomtodynmwdkUudk cPtwGif;,l aqmif&Gufjy;oifMum;ay;rnf

Certificate in Own Business Management | Level 3: Grow your business (45 hours) - (OBM 3 Batch 2) wefcopfEdkif bmv (17) &ufaeYrSm pwiffrnf

ukd,fydkif pD;yGm;a&; vkyfief;&Sifrsm; twufoD;oefYoifMum;aom Certificate in Own Business Management oifwef;twufpwifay;oifrnf ay;oiftyfEkdifyyD

Certificate in Own Business Management

Level 3: Grow your business (45 hours)



## oifMum;ay;rnfbmom&yfacgif;pOfrsm; -

1. Strategic Thinking & Future orientation
2. Project Management
3. Sustainability & CSR
4. Strategic Brand Concepts & Growth Through Brands
5. Creative Thinking + Blue Ocean Strategies & Innovation
6. E-commerce
7. Supply Chain Efficiency
8. Competitive advantage - marketing models
9. Marketing Research & Information System
10. Competitive advantage - marketing models
11. Strategic Business Plan
12. Business Model Canvass
13. Organizational Development

## oifMum;jyornfq&m^q&mrrsm;rSm -

1.Prof. Dr. Aung Tun Thet, Ph.D (Manchester),
Former President's Economic Advisor

1. Dr U Sein Min, Academic Director, Strategy First Institute,
PhD (Passau, Germany), M. Com, B. Com (YIE)
2. Dr. Daw Ohnmar Myint, Ph.D (HRM, Delhi),
M. Com, B. Com, (Hons)(YIE)
3. Capt. U Aung Khin Myint, Chairman,
Myanmar International Freight Forwarders Association
4. Daw Aye Aye Win, M.A (Int'l Business Studies) (Sophia),
M. Com, B. Com (Hons) (YIE), Dip in English
5. U Aung Chit Khin , Principal/Founder, MBA (Nottingham) PG Dip M, Dip M (CIM, UK)

bmom&yftm;vkH;ukvkyfief;&Sifrsm; twufcHk;tmifoifMum;ay;yrnf
oifwef;umvrSm &D (45) umjrifhnf;zpfonf

Schedule - Thu, Fri, Sat (9:00 am to 12:00 pm) | 17 Nov to 17 Dec 2016

oifwef;aMu; - 395000 usyf

---

## ချက်မယ်ပြုတ်မယ်

# Sushi Cake





မေသက်နှင်း

ဒီတစ်ပတ်မှာတော့ လွယ်ကူလျင်မြန်ပြီး တစ်မျိုးဆန်းသစ်စေမယ့် ဂျပန်စတိုင် Sushi Cake လုပ်နည်းလေးကို တင်ပြပေးပါမယ်။ Sushi Cake ဆိုတော့ ကိတ်မုန့်နဲ့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိတ်မုန့်လုပ်တဲ့ ပုံစံခွက်ကိုအသုံးပြုပြီး ပုံမှန် Sushi တွေလိုမလိပ်ဘဲ အထပ်များပြုလုပ်ကာ သုံးဆောင်ရမှာဖြစ်ပါတယ်။ ဂျပန်အစားအစာဆိုတော့ အဆီ၊ အငန်လည်း သိပ်မများဘဲ ကျန်းမာရေးနဲ့ညီညွတ်ပါတယ်။

လိုအပ်တဲ့ပစ္စည်းတွေကတော့
Sushiဆန် (သို့) ရှမ်းဆန် – ထမင်းနှစ်ပန်းကန်စာ
ကြက်ဥ
ရေညှိရွက်အနည်းငယ်
ပုစွန် – ၁၀ သား
ဆာလမွန်ငါး (သို့) ဆာဘင်ငါး – ၁၀ သား
ရှာလကာရည် – လက်ဖက်ရည်ဇွန်း (၂) ဇွန်း
သကြားအနည်းငယ်တို့ လိုအပ်ပါတယ်။

ပထမဦးဆုံးထမင်းချက်ထားပြီးထမင်းကို ရှာလကာရည်၊ သကြားအနည်းငယ်တို့နဲ့ နယ်ပေးပြီး ခဏထား ,ထားပေးပါ။ ကြက်ဥကိုခေါက်ပြီး Omellet ပုံစံကြော်ပြီးရင် ပါးပါးလှီးထားပါ။ ပုစွန်ကို အပေါ်ယံနီရဲလာအောင် လှော်ထားပေးပါ။ ဆာလမွန်ငါး(သို့) ဆာဘင်ငါးကို အသားလွှာပြီး အိုးကင်းပူတိုက်ပေးပါ။ ရေညှိရွက်များကို ပါးပါးလှီးထားပါ။ အားလုံးပြင်ဆင်ပြီးပါက ကိတ်မုန့်လုပ်တဲ့ မိုလ်ထဲမှာကြက်ဥပါးပါးလှီးထားတာကို ထည့်ပေးပါ။ ပြီးနောက် Sushi ထမင်းကို ထည့်ပေးပါ။ ရေညှိပါးပါးလှီးထားတာကို ထည့်ပေးပါ။ ငါးအသားလွှာကို စီထည့်ပေးပါ။ ထမင်းနောက်တစ်ထပ်ထည့်ပေးပါ။ အနည်းငယ်ဖိသိပ်ပေးပြီး ပန်းကန်ပြားပေါ်ကို ပြောင်းပြန်မှောက်တင်ပေးပါ။ ပြီးနောက် ကြက်ဥများပေါ်မှာ ပုစွန်၊ ငါးအသားလွှာနဲ့ ငါးဥလေးများလည်း ကြိုက်နှစ်သက်ပါက အလှဆင်နိုင်ပါတယ်။

ပုံမှန်စားနေကြ Sushi တွေနဲ့ကွဲပြားပြီးအရသာရှိတဲ့ Sushi Cake ကိုသုံးဆောင်နိုင်ပါပြီရှင်။

Ref: Myanmar Japan Newsletter/ healthy cooking



## သတ်မှတ်ချိန်ကာလအတွင်း ထုတ်ယူမှုမရှိတဲ့ ဆိပ်ကမ်းရောက် မော်တော်ယာဉ်တွေကို နိုင်ငံပိုင်အဖြစ်သိမ်းယူ

ဆိပ်ကမ်းရောက်ပြီး သတ်မှတ်အချိန်ကာလအတွင်းထုတ်ယူမှုမရှိတဲ့ မော်တော်ယာဉ်တွေကိုနိုင်ငံပိုင်အဖြစ်သိမ်းယူသွားတော့မယ်လို့မြန်မာဆိပ်ကမ်းအာဏာပိုင်အဖွဲ့တာဝန်ရှိသူတွေကပြောပါတယ်။

အခုအချိန်အထိ လာရောက်ထုတ်ယူခြင်းမရှိတဲ့ သက်တမ်းလွန်မော်တော်ယာဉ်အစီးရေ ၂၇၀ကျော်အထိရှိနေပြီး ယင်းတို့ကို ရက်လွန်ဒဏ်ကြေးဖြင့် ထုတ်ယူခွင့်ပေးမှာမဟုတ်ဘူးလို့လည်း အဆိုပါအာဏာပိုင်အဖွဲ့တာဝန်ရှိသူတွေက ပြောဆိုတာပါ။

မြန်မာဆိပ်ကမ်းတွေကိုရောက်ရှိလာတဲ့မော်တော်ယာဉ်တွေအနေနဲ့ ရက် ၆၀ အတွင်း အပြီးထုတ်ယူရမှာဖြစ်ပြီး ထုတ်ယူခြင်းမရှိတဲ့ မော်တော်ယာဉ်တွေကို နိုင်ငံပိုင်အနေနဲ့ သိမ်းယူနိုင်တယ်လို့လည်း ဆိပ်ကမ်းရုံးတာဝန်ရှိသူတွေရဲ့ ပြောဆိုမှုအရ သိရပါတယ်။

**SFJ Team**

## ရန်ကုန်လှိုင်မြစ်နဲ့ ငမိုးရိပ်ချောင်းတို့မှာ ရေပေါ်တက္ကစီ ပြေးဆွဲဖို့စီစဉ်နေ

ရန်ကုန်မြို့သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်အဖြစ် ရေပေါ်တက္ကစီလုပ်ငန်းကိုပြန်လည်အကောင်အထည်ဖော်သွားမယ်လို့ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူးဒေါက်တာမောင်အောင်ကပြောပါတယ်။

ရန်ကုန်တိုင်းအတွင်းက လှိုင်မြစ်နဲ့ ငမိုးရိပ်ချောင်းတွေကို အသုံးပြုသွားမှာဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက်လက်ရှိမှာတင်ဒါခေါ်ယူထားတယ်လို့လည်း ဒေါက်တာမောင်အောင်က ပြောဆိုပါတယ်။

"လှိုင်မြစ်မှာဆိုရင်တော့ ရပ်ဖို့နေရာ (၇) ခုလုပ်မယ်၊ ငမိုးရိပ်ကတော့ ၁၁ နေရာလျာထားပါတယ်၊ လှိုင်မြစ်မှာတော့ လူ ၈၀ ကနေ ၁၂၀ စီးနင်းနိုင်တဲ့ရေပေါ်ယာဉ်တွေသုံးဖို့မှန်းထားပေမယ့် ငမိုးရိပ်ကြတော့ ရေဆူးတိမ်တော့ တစ်မျိုးစီစဉ်ရမှာပါ၊ အနေအထားတွေကတော့ မတူနိုင်ပါဘူး" လို့ သူကပြောပါတယ်။

ကုန်လမ်းတစ်ခုတည်းကိုသာအားပြုသွားလာနေရတဲ့ ရန်ကုန်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ပိုမိုထိရောက်မှုရှိစေဖို့ အခုလို ရေပေါ်တက္ကစီလုပ်ငန်းကို လုပ်ကိုင်ဖို့ စီစဉ်ရတာဖြစ်တယ်လို့လည်း အဆိုပါအာဏာပိုင်အဖွဲ့ထံက သိရပါတယ်။

## မြန်မာအမျိုးသားလေကြောင်းလိုင်း MNA မှ ရန်ကုန် - ချင်းမိုင်ခရီးစဉ် သစ်ပြေးဆွဲ

မြန်မာအမျိုးသား လေကြောင်းလိုင်း MNAအနေနဲ့ရန်ကုန် - ချင်းမိုင်ခရီးစဉ်ကို လာမယ့်နိုဝင်ဘာလ (၄) ရက်နေ့မှာစတင်ပြေးဆွဲတော့မယ်လို့ လေကြောင်းလိုင်းထုတ်ပြန်ချက်အရ သိရပါတယ်။




MNA ရဲ့CEO ဦးသန်းလွင်က "ထိုင်းနိုင်ငံကို နှစ်စဉ်နိုင်ငံခြားခရီးသွားက သန်း ၃၀ လောက် ဝင်နေတာဆိုတော့ သူတို့နဲ့လေကြောင်းလိုင်းချိတ်ဆက်ထားခြင်းအားဖြင့် မြန်မာနိုင်ငံကိုလည်းနိုင်ငံခြားခရီးသွားတွေတိုးတက်လာဖို့ ရည်ရွယ်ပြေးဆွဲတာပါ" လို့ပြောပါတယ်။

အဆိုပါလေကြောင်းခရီးစဉ်သစ်ကို ATR လေယာဉ်တွေနဲ့ ပြေးဆွဲသွားမှာဖြစ်ပြီး ခရီးစဉ်တစ်ခုကို ခရီးသည် ၆၈ ယောက် လိုက်ပါစီးနင်းနိုင်မှာလည်းဖြစ်ပါတယ်။ လေယာဉ်လက်မှတ်ခကိုတော့ ဈေးကွက်မြှင့်တင်ကာလအဖြစ် ရန်ကုန် - ချင်းမိုင် အသွားအပြန်အတွက် အမေရိကန် ၁၇၈ ဒေါ်လာသတ်မှတ်ထားတယ်လို့ သိရပါတယ်။

**SFJ Team**

## ယခုဘဏ္ဍာနှစ်ရဲ့ပြည်ပသွင်းကုန်ပစ္စည်းတင်သွင်းမှုတွေ လျော့နည်းကျဆင်းနေ

အခုဘဏ္ဍာနှစ်ရဲ့ ပြည်ပသွင်းကုန်ပစ္စည်း တင်သွင်းမှုတွေ လျော့နည်းကျဆင်းနေဆဲပဲလို့ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

၂၀၁၆ - ၁၇ဘဏ္ဍာနှစ်ရဲ့အောက်တိုဘာပထမအပတ်အထိ နိုင်ငံသွင်းကုန်ပမာဏက ကန်ဒေါ်လာ ၇ ဒသမ ၆၇ ဘီလီယံသာရရှိထားပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ကာလတူ တင်သွင်းမှုတွေထက် ကန်ဒေါ်လာ ၅၅၁ သန်းကျော် လျော့နည်းသွားတာ ဖြစ်ပါတယ်။

စီးပွားကူးသန်းဝန်ကြီးဌာနတာဝန်ရှိသူက "ဝန်ကြီးဌာနပိုင်းက ကုန်သွယ်မှုဖြေလျော့တာတွေလည်း လုပ်ပေးနေပါတယ်။ ဒီနှစ်က ရင်းနှီးမြှုပ်နှံတာလည်း နည်းနည်းကျသွားတယ်၊ ငွေကြေးလဲလှယ်နှုန်းတွေလည်း နည်းနည်းအတက်ဘက်မှာ ရှိလို့ဖြစ်ပါလိမ့်မယ်" လို့ ပြောဆိုပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထုတ်ပြန်ချက်တွေအရလည်း အခုဘဏ္ဍာနှစ်ရဲ့ပြည်ပရင်းနှီးမြှုပ်နှံမှုစီးဝင်မှုက ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုတွေထက် ကန်ဒေါ်လာ ၃ ဘီလီကျော်လောက်လျော့ကျနေတာကိုလည်း တွေ့ရပါတယ်။

ဝန်ကြီးဌာနရဲ့စာရင်းတွေအရကို လက်ရှိရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းစီးဝင်မှုကကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံကျော်သာရရှိပြီးအရင်ဘဏ္ဍာနှစ်ထက်ကိုတင်သွင်းမှုက ၁ ဘီလီကျော်လျော့ကျသွားတာလည်း ဖြစ်ပါတယ်။

**SFJ Team**

## ကျန်းမာရေးပြဿနာတွေ လျှော့ချနိုင်ဖို့ PepiCo က ပထမဆုံးအကြိမ်အဖြစ် အချိုရည်တွေမှာ သကြားပါဝင်မှုလျှော့ချ

အဝလွန်ခြင်းကနေ စပြီးတော့ ရာသီဥတုပြောင်းလဲမှုပြဿနာတွေကို တစ်ဖက်တစ်လမ်းကနေ ဝိုင်းဝန်းကိုင်တွယ်ဖြေရှင်းပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ Pepsi Coက ကမ္ဘာတစ်ဝန်းရောင်းချနေတဲ့ ယင်းရဲ့ အချိုရည်တွေမှာသကြားပါဝင်မှုအတိုင်းအတာကို လျှော့ချသွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

လာမယ့်၂၀၂၅မတိုင်ခင်ကုမ္ပဏီရဲ့ ထုတ်ကုန်အနည်းဆုံး သုံးပုံနှစ်ပုံလောက်မှာတော့ ကယ်လိုရီ ၁၀၀ လောက်သာရှိအောင် လုပ်ဆောင်တော့မယ်လို့နယူးယောက်အခြေစိုက်ကုမ္ပဏီကအောက်တိုဘာ၁၇ရက်မှာ ထုတ်ဖော်ကြေညာသွားခဲ့ပါတယ်။

**CNA**

## အမေရိကန်ကိုကျော်တက်ပြီး ကမ္ဘာ့ အကြီးဆုံးစီးပွားရေးနိုင်ငံ တရုတ်ဖြစ်လာ

အမေရိကန်ကို ကျော်တက်ပြီး တရုတ်က ယခုအခါ ကမ္ဘာပေါ်မှာ အကြီးဆုံးသော စီးပွားရေး အင်အားကြီး နိုင်ငံဖြစ်လာခဲ့ပြီလို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF က ထုတ်ပြန်တဲ့အချက်အလက်ကိန်းဂဏန်းတွေ ကဖော်ပြလိုက်တာပါ။

အမေရိကန်အနေနဲ့ လွန်ခဲ့တဲ့ ၁၈၇၂ခုနှစ်လောက်ကဗြိတိန်နိုင်ငံကိုကျော်တက်ပြီး ကမ္ဘာ့ဦးဆောင်သူနိုင်ငံအဖြစ် ရပ်တည်ထားနိုင်ခဲ့ရာကနေ ယခုအခါမှာတော့ ယင်းထိပ်ဆုံးမှာ ရှိနေတဲ့အခြေအနေကနေ လျော့ကျသွားခဲ့ရပြီပဲဖြစ်ပါတယ်။

IMFကထုတ်ပြန်တဲ့နောက်ဆုံးကိန်းဂဏန်းတွေအရတော့ တရုတ်ရဲ့ စီးပွားရေးဟာ စုစုပေါင်း ပေါင် ၁၁ ထိရီလီယံအထိ ရှိနေပြီးတော့ အမေရိကန်ရဲ့ပေါင် ၁၀ ဒသမ ၈ ထရီလီယံထက် သာလွန်သွားခဲ့ပြီပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဆယ်စုနှစ်တွေအတွင်း စက်မှုလုပ်ငန်းပိုင်းမှာ မြန်ဆန်တိုးတက်နိုင်ခဲ့ပြီး ကြွယ်ဝမှုနှုန်း မြန်ဆန်ခဲ့တဲ့ တရုတ်အနေနဲ့ကတော့ ယင်းရဲ့ ကမ္ဘာ့စီးပွားရေးဦးဆောင်သူနေရာမှာ နောက်ထပ် ဆက်ရှိနေမယ့် သဘောမှာရှိနေပါတယ်။

**daily mail**

## အလိုအလျောက်မောင်းနှင်နိုင်မယ့် ဘတ်စ်ကားတွေကို စင်ကာပူစတင်စမ်းသပ်တော့မယ်

မြေနေရာအကျယ်အဝန်းနဲ့လုပ်သားဦးရေပိုင်းမှာ ကန့်သတ်မှုတွေရှိနေတဲ့ စိန်ခေါ်မှုတွေကို အလိုအလျောက်စနစ်နည်းပညာကိုသုံးပြီး ဖြေရှင်းဖို့ကြိုးပမ်းနေတဲ့ စင်ကာပူအနေနဲ့ ယခုအခါ အလိုအလျောက်ထိန်းချုပ်မောင်းနှင်နိုင်မယ့် ဘတ်စ်ကားတွေကို စတင်စမ်းသပ်မောင်းနှင်ဖို့ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ပါတယ်။

လက်ရှိအချိန်အခါမှာလည်း ကမ္ဘာတစ်ဝန်း နိုင်ငံတွေ တော်တော်များများလောက်ကလည်း အဆိုပါနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအပေါ် တွန်းအားပေးနေတဲ့ အချိန်မှာပဲ စင်ကာပူအနေနဲ့ကတော့မောင်းသူမဲ့ယာဉ်တွေကြောင့်ပြည်သူတွေရဲ့သွားလာဆက်သွယ်မှုပိုင်းကို ပိုမိုအဆင်ပြေစေနိုင်မယ်လို့ မျှော်လင့်နေလျက်ရှိပါတယ်။

"ကြီးကျယ်ခမ်းနားတဲ့ အိမ်မက်တွေအမှန်တကယ်အကောင်အထည်ပေါ်လာဖို့အတွက်က အသေးအဖွဲ့ကစလုပ်ရမယ်လို့ ဆိုပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ယခုလို အလိုအလျောက် မောင်းနှင်မယ့် ဘတ်စ်ကားစမ်းသပ်ဖို့ NTU (Nanyang Technological University) နဲ့ ပူးပေါင်းလုပ်ဆောင်နေပါပြီ၊ လျှပ်စစ်နှစ်မျိုးစပ်ဘတ်စ်ကားနှစ်စီးနဲ့ စတင်စမ်းသပ်သွားမှာဖြစ်ပါတယ်" လို့ စင်ကာပူ ပို့ဆောင်ရေးကဏ္ဍထိန်းသိမ်းရေးအဖွဲ့ရဲ့ဖေ့ဘွတ်ခ်ပို့မှာ ရေးသားထားပါတယ်။ **CNBC**

# What makes us feel good about our work?

**STRATEGY FIRST Times** ရဲ့ Ted Talk ကဏ္ဍ Ted.com ကကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore ၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Dan Ariely ရဲ့ What makes us feel good about our work? ဆိုတဲ့ Video တိုလေးကိုဖော်ပြမှာဖြစ်ပါတယ်။

Daniel Ariley ဟာ Duke University မှာ Psychology နဲ့ Behavioral Economics ဘာသာရပ်တွေကိုသင်ကြားနေတဲ့ ပါမောက္ခတစ်ယောက်ဖြစ်ပါတယ်။ လူတွေရဲ့ အပြုအမူတွေကို ဘယ်အကြောင်းအချက်တွေက လွှမ်းမိုးမှုတွေရှိနေလဲဆိုတာနဲ့ လူတွေဟာ ဘာကြောင့် အကျိုးအကြောင်း မဆီလျော်စွာ ပြုမူတတ်ကြလည်းဆိုတာရဲ့အဖြေတွေကိုလေ့လာဆန်းစစ်မှုတွေပြုလုပ်နေသူတစ်ယောက်ဖြစ်ပါတယ်။



Dan Ariely ဟာ လူတွေရဲ့ အလုပ်လုပ်ကိုင်မှုအပေါ်ထားတဲ့ခံစားချက်၊ ခံယူချက်တွေကိုလေ့လာမှုတွေရဲ့ရလဒ်တွေကို သူ့ရဲ့ဗီဒီယိုမှာ ရှင်းပြထားတာဖြစ်ပါတယ်။ ကျွန်တော်တို့လူသားတွေကိုဘယ်အရာကအလုပ်လုပ်စေဖို့လှုံ့ဆော်ပေးတာလဲ။ လူတွေယုံကြည်ထားသလို ငွေကြေးမဟုတ်ပါဘူး။ ပျော်ရွှင်မှုနဲ့ စိတ်ချမ်းသာစေဖို့လည်းမဟုတ်ပြန်ဘူး။ တကယ်တော့ လူတွေဟာ အစဉ်တစိုက် တိုးတက်မှုနဲ့ရည်မှန်းချက်၊ရည်ရွယ်ချက်ရှိနေတဲ့ အခြေအနေမျိုး၊ ခံစားနေရတာကိုလိုချင်ကြတာကြောင့် အလုပ်လုပ်ကိုင်ကြတာဖြစ်တယ်လို့ Dan Ariely ကပြောထားပါတယ်။

သူ့ရဲ့လေ့လာမှုမှာ လူတွေတချို့ကို Origami စက္ကူရုပ်လေးတွေခေါက်ခိုင်းခဲ့ပါတယ်။ မခေါက်တတ်တဲ့သူတွေကိုသာ ခေါက်ခိုင်းခဲ့တာဖြစ်ပြီးတော့ ဘယ်လိုခေါက်ရမယ်ဆိုတာကိုညွှန်ကြားပေးထားပါတယ်။ မခေါက်တတ်တဲ့ သူတွေဖြစ်တဲ့အတွက်ကြောင့် ထွက်လာတဲ့ပုံတွေဟာလှပမှု မရှိပါဘူး။ ပြီးတဲ့အခါမှာ သူတို့ခေါက်ထားတဲ့ စက္ကူရုပ်တွေကို သူတို့ကိုမပေးဘဲရောင်းမယ်ငွေဘယ်လောက်ပေးဝယ်ချင်လဲလို့ မေးပါတယ်။ ဒီလိုမေးတဲ့အခါမှာ စက္ကူတွေခေါက်ခဲ့တဲ့သူတွေဟာ သူတို့ခေါက်ထားတာတွေ မလှပပေမယ့်လည်း ငွေပိုပေးပြီး ဝယ်ယူချင်ကြတာကိုတွေ့ရပါတယ်။ စက္ကူရုပ်တွေ မခေါက်ခဲ့တဲ့သူတွေကတော့ ငွေအနည်းငယ်သာပေးချင်ကြတာကိုတွေ့ရပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုတော့ လူတွေဟာကိုယ်တိုင်ပြုလုပ်ခဲ့တဲ့အလုပ်တွေကိုတန်ဖိုးအရမ်းထားကြပါတယ်။

## သီဟ

အလားတူ ဆန်းစစ်မှုတွေ ထပ်လုပ်တဲ့အခါမှာလည်း လူတွေဟာ ကိုယ်ကိုယ်တိုင်ပြုလုပ်ခဲ့တဲ့ အလုပ်တွေကို အရမ်းတန်ဖိုးထားတယ်ဆိုတဲ့ အဖြေပဲထွက်ပါတယ်။ ဒါကြောင့် အလုပ်ခွင်ထဲမှာ ကောင်းမွန်စွာ အလုပ်လုပ်ချင်စိတ်ဖြစ်လာစေဖို့နဲ့ ဆက်လက်တိုးတက်ဖို့အတွက်တစ်ဦးနဲ့တစ်ဦးအသိအမှတ်ပြုသင့်တယ်လို့သူက ပြောပါတယ်။ ဒီအတွက်ကြောင့် အလုပ်ရှင်တွေအနေနဲ့လည်း ဝန်ထမ်းတွေရဲ့ အလုပ်တွေအပေါ်မှာမကောင်းဘူးဆိုရင်တောင် အသိအမှတ်ပြုဖို့နဲ့ လမ်းပြဖို့ကိုလည်း သူကပြောထားပါတယ်။ ဒီအကြောင်းအရာမျိုးနဲ့ ပတ်သက်ပြီးလေ့လာမှုနဲ့ ဥပမာ များစွာကိုလည်း ဒီဗီဒီယိုထဲမှာဆက်လက်ပြောဆိုသွားပါတယ်။







The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Naing Naing Zaw

**Senior Reporter/ Assistant Editor**
Thiha Ko Ko

**Translation Editor**
Thiha Than Naing

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# သင်ယူခြင်းနဲ့ တာဝန်ယူမှု


















# စံ – ဇာဂနီဘို ဟောစာတမ်း

၂၀၁၆ အောက်တိုဘာ(၁၈) ရက်နေ့မှ အောက်တိုဘာ (၃၀) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲကြားမှတိုးတက်မှုရှာဖွေရမည်။ ထင်မှတ်ထားသောငွေဝင်ခြင်း၊ စီးပွားလာဘ်ပွင့်ခြင်းများကြုံမည်။ မိမိမိသားစုတွင်ဖြစ်စေ၊ မိမိနှင့်ဆက်စပ်နေသော ဝန်းကျင်အတွင်း၌ဖြစ်စေ ခြံ၊ ကား၊ အခန်း တနင်္လာနံပစ္စည်းဝင်ကိန်းရှိသည်။ အဝင်တော်သည်။ လုပ်ငန်းခွင်မှသူများအဖို့ တစ်ပြိုင်နက်တည်းတစ်ခုထက်ပိုသော အလုပ်ကိစ္စများ ဆောင်ရွက်ရကိန်းကြုံရမည်။ နေရာအပြောင်းအလဲအတွက် စီစဉ်ဆောင်ရွက်မှုများ အောင်မြင်မည်။ ခရီးသွားခြင်းကိစ္စများ ဆောင်ရွက်ရခြင်းကြုံရမည်။ နေရာအပြောင်းအလဲအတွက် စီစဉ်ဆောင်ရွက်မှုများ အောင်မြင်မည်။ ခရီးသွားခြင်းကိစ္စစီစဉ်သူများ အစီအစဉ်အောင်မြင်ခြင်းရှိမည်။ အရှေ့အရပ်၊ အနောက်တောင်အရပ်များသို့ သွားရောက်၍ အကျိုးရှိသည့်ခရီးမျိုးဖြစ်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အနီ၊ အပြာ၊ အဝါ ။ အကျိုးပေးဂဏန်း – ၁၊ ၅၊ ၇၊ ၄ ။ ယတြာ – မျောက်ကိုငှက်ပျောသီးကျွေးပါ။

## တနင်္လာနေ့မွေးသူများ



မိမိအပေါ်အထင်သေးအမြင်သေးနှင့် ဆက်ဆံခဲ့သူများအားလုံးတို့က တအံ့တသြဖြစ်လောက်အောင် အလုပ်အကြံအစည်ကိစ္စများ ဆောင်ရွက်နိုင်မည်။ တစ်ပါးသူကမနာလိုလောက်အောင်ပင် တိုးတက်ခြင်း၊ အောင်မြင်ခြင်းများကြုံစေမည်။ ဆုံးဖြတ်ပြီးကိစ္စ၊ အလုပ်ကိစ္စမှန်သမျှ ရဲရဲရှေ့တိုးလုပ်ကိုင်ပါ၊ တစ်ပါးသူစကားနားယောင်ခြင်း၊ တွေဝေခြင်းမရှိသင့်။ ဦးတည်လိုက်တိုင်း၊ နေရာတိုင်း အတိုက်အခံရှိပေမည်။ အထူးသဖြင့် အမည်အတွင်း(စ၊ ဆ၊ ဇ၊ ရ၊ လ၊ ဝ) အခေါ်အဝေါ်ရှိသူများ၏အနှောင့်အယှက်များသတိရှိရပေမည်။ မိခင်ထံမှဖြစ်စေ၊ မိခင်၏ဆွေမျိုးရင်းချာများမှဖြစ်စေ ကောင်းသောအကျိုးပြုခြင်းများကြုံပေမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အဖြူ၊ အစိမ်း၊ အပြာ ။ အကျိုးပေးဂဏန်း – ၂၊ ၈၊ ၀၊ ၉ ။ ယတြာ – သာသနာ့အဆောက်အဦတို့တွင် အုတ်ခဲအလှူဒါနပြုပါ။



## အင်္ဂါနေ့မွေးသူများ

ကောင်းသောအပြောင်းအလဲရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ အပြိုင်များနှင့်ယှဉ်ပြီးလုပ်ရမည်။ အခက်အခဲများကျော်လွှားပြီး တိုးတက်ခြင်းများဖြစ်ထွန်းမည်။ နေအိမ်၏ခြေရင်းတွင် နာရေးကိစ္စပေါ်ပေါက်လာပါက အညံ့ဆိုးများပပျောက်သွားမည်။ ခရီးသွားစဉ် ရေသန့်ဗူးကို အိတ်တွင်ထည့်ဆွဲသွားသူကိုတွေ့က ထိုနေ့တွင် ချက်ချင်းထီထိုးပါ။ ထီပေါက်မည်။ လူတစ်ဦးတစ်ယောက်ကမိမိအားငွေအရင်းအနှီးပေး၍တွဲဖက်လုပ်ပါကလုံးဝမလုပ်ပါနှင့်။ အရှုပ်အထွေးများကြုံလာတတ်သည်။ စနေနေ့မွေးသူများနှင့် ပူးပေါင်းတွဲဖက်လုပ်သောကိစ္စတို့မှ ထူးခြားစွာအောင်မြင်မည်။ ဗုဒ္ဓဟူးနေ့မွေးသူများ၏စကားကို ယုံကြည်အပ်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – မီးခိုး၊ နက်ပြာ၊ အစိမ်း ။ အကျိုးပေးဂဏန်း – ၂၊ ၀၊ ၅၊ ၁ ။ ယတြာ – သံဃာတော်များအား သစ်သီးဝလံနှင့် ရေသန့်ဒါနပြုပါ။

## ဗုဒ္ဓဟူးနေ့မွေးသူများ



အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင်အလိုအလျောက်ပါဝင်ရမည်။ ဗုဒ္ဓဟူးနံ ရွှေ၊ ရေ၊ လူ၊ လယ်ယာမြေစသည်များအကျိုးပေးမည်။ ရေလုပ်ငန်း၊ လေ့လုပ်ငန်းများနှင့် မထင်မှတ်ဘဲ ပတ်သက်ပြီးအကျိုးကောင်းရမည်။ ရေခြား၊ မြေခြားနှင့် တိုက်ရိုက်မထင်မှတ်ဘဲပတ်သက်ပြီး အကျိုးကောင်းရမည်။ ရေခြား၊ မြေခြားနှင့် တိုက်ရိုက်ဆက်ဆံပြီး လုပ်သောကိစ္စများ အကျိုးပေးမည်။ တောင်အရပ်မှ တရုတ်လူမျိုးတစ်ဦးနှင့်ပတ်သက်၍ ငွေကြေးဝင်ခြင်း၊ အကြံအောင်ခြင်းဖြစ်ပေါ်မည်။ အနောက်တောင်အရပ်မှ ငွေဝင်ခြင်းရှိမည်။ မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း မြေဝင်ခြင်းရှိမည်။ မင်းစိုးရာဇာအကြီးအကဲများ အထောက်အကူရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – နက်ပြာ၊ ကြက်သွေး၊ အပြာရင့် ။ အကျိုးပေးဂဏန်း – ၈၊ ၁၊ ၅၊ ၉ ။ ယတြာ – သံဃာတော်များအား စတုမတူလှူဒါန်းပါ။



## ကြာသပတေးနေ့မွေးသူများ

အခက်အခဲများ ဖြေရှင်းနိုင်မည်။ လုပ်ငန်းနှင့်ပတ်သက်သော အပြောင်းအလဲရှိမည်။ ကြာသပတေးနေ့၊ စနေနေ့မွေးသောသူများနှင့်ပတ်သက်ပြီး အလုပ်အကြံအစည်များ အောင်မြင်မည်။ လူမျိုးကွဲ၊ ကပြားများ ကောင်းကျိုးပေးသည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စ အဆင်ပြေအောင်မြင်စွာ ဖြစ်ပေါ်မည်။ ထူးခြားသောဧည့်သည်များ ရောက်ရှိလာမည်။ လူဝင်ကောင်းသည်။ ဗုဒ္ဓဟူးနံ ယာဉ်၊ ရွှေ၊ ရေ၊ လှေ၊ လူ စသည်တို့မှ အကျိုးကောင်းရရှိမည်။ မြောက်အရပ်သို့သွားရန် စီစဉ်ထားသော ခရီးကိစ္စအစီအစဉ်ပျက်ပါကလွန်စွာကောင်းသည်။ ကြာသပတေးနံလုပ်ငန်းအကျိုးပေးမည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အဖြူ၊ နက်ပြာ၊ အဝါ။ အကျိုးပေးဂဏန်း – ၀၊ ၆၊ ၃၊ ၇ ။ ယတြာ – နေအိမ်ရှိ စနေနံ ဖိနပ်၊ ထီးဟောင်းများကို စွန့်ပစ်ပါ။

## သောကြာနေ့မွေးသူများ



ဒွိဟဖြစ်လောက်အောင်အခွင့်အရေးများတစ်မျိုးပြီးတစ်မျိုးကြုံမည်။ ရန်အတိုက်အခံများနှင့်ယှဉ်ပြီးလုပ်ကိုင်ရခြင်းရှိမည်။ ဖြစ်လိုသည်ကတစ်မျိုး၊ ဖြစ်လာသည်ကတစ်မျိုး။ မည်သည့်အရာကိုမှကြိုတင်တွက်ဆပြီး လုပ်ကိုင်၍မရ။ ငွေကြေးနှင့်ပတ်သက်သောအခွင့်အလမ်းသစ်များ ပေါ်ထွန်းမည်။ လမ်းသစ်ထွင်၍လုပ်ကိုင်ခြင်းများမှ တိုးတက်မှုအဆင့်ဆင့်ဖြစ်ထွန်းမည်။ အိုးအိမ်ကိစ္စ၊ မိသားစုရေးရာကိစ္စများတွင် ထူးခြားသော ကောင်းခြင်းဖြစ်ရပ်များ ဖြစ်ပေါ်လွှမ်းမိုးမည်။ အတိုက်အခံကြားမှ တိုးတက်မှုအဆင့်ဆင့်ဖြစ်ထွန်းမည်။ ဤကာလအတွင်းကံကောင်းစေသောအရောင် – အပြာ၊ ခရမ်း၊ အနီ။ အကျိုးပေးဂဏန်း – ၄၊ ၁၊ ၈၊ ၂။ ယတြာ – အနောက်အရပ်ကိုမျက်နှာမူ၍ စမူဆာ (၃) ခုစားပါ။



## စနေနေ့မွေးသူများ

ကြာသပတေးနံ (ပဲ၊ မြေပဲ) အစရှိသည့်ပစ္စည်းများတွင် ငွေမြှုပ်နှံ၍အရှုံးပေါ်တတ်သည်။ ခြံ၊ မြေ၊ အဝယ်မှားတတ်သည်။ အမွေကိစ္စ၊ ပိုင်ဆိုင်မှုကိစ္စအတွက်စကားများရမည်။ အကြီးအကဲ ဆရာသမားများ၏ ပြိုင်ပြင်မှုကို ခံရတတ်သည်။ ငွေကြေးအပေးအယူကိစ္စများ သတိနှင့် ဆောင်ရွက်ပါ။ စနေနံပစ္စည်းများ အဝင်တော်သည်။ မြေကိစ္စ၊ ခြံဝင်းကိစ္စများအတွက် စကားပြောဆိုရခြင်းများရှိမည်။ လက်ဝတ်ရတနာများ သတိနှင့်ထိန်းသိမ်းပါ။ ငွေကြေးကိစ္စ စကားပြောဆိုရခြင်းရှိမည်။ စကားမှားတတ်သည်။ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အညို၊ အပြာ၊ အဝါ။ အကျိုးပေးဂဏန်း – ၈ ၊ ၆ ၊ ၂ ၊ ၀ ။ ယတြာ – ငါး (၂၆)ကောင် မြစ်ချောင်း၊ အင်းအိုင်အတွင်း လွှတ်ခြင်းပြုပါ။

ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။

စံ – ဇာဂနီဘို

brought to you in Myanmar by

# STRATEGY FIRST INSTITUTE




မြန်မာနိုင်ငံတွင်တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင်အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံးဖြစ်သော UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA, MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ် ယူဆောင်လာခဲ့ပြီဖြစ်ပါသည်။

UK, Scotland ရှိ Heriot-Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက်သက်တမ်းအရှည်ဆုံး အဆင့်မြင့်ပညာရေးအဖွဲ့အစည်း ဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည် နံပါတ် (၁၈) နေရာရရှိထားပြီး QS World's Ranking အရကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များတွင် အဆင့် (၃၁၈) ရှိသော တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံမှတက်ရောက်နေကြပြီး တက်ရောက်နေသူများထဲတွင် Fortune (500) စာရင်းတွင်ပါဝင်သောကမ္ဘာ့ ဩဇာအကြီးမားဆုံး ကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံအနည်းဆုံး (၃) နှစ်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS 6.5 ရရှိထားရန် လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်း လုပ်သက်အတွေ့အကြုံကောင်းမွန်သော လုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာ လိုအပ်ချက်ပြည့်မှီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ ပထမ Core Module သုံးခုအောင်မြင်မှသာ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

သင်တန်းကြေးများမှာ MBA (General) 9675 USD + 5,000,000 Kyats, MBA (with Specialism) 11800 USD + 5,000,000 Kyats ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေး ဆုံးဖြတ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University မှ ချီးမြှင့်သောဘွဲ့ကို ရယူနိုင်ပါသည်။ UK, Malaysia နှင့် Dubai တို့ရှိ Heriot-Watt University Campus များတွင် Revision အတန်းများသွားရောက်သင်ယူလိုပါက တစ်ဘာသာလျှင် ပေါင် ၃၀၀ ထပ်မံ ပေးသွင်းပြီးတက်ရောက်နိုင်ပါသည်။

မအားလပ်သောအလုပ်ရှင်မှ အရာရှိများအတွက်အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

# MBA

**General** Finance **HRM** Marketing

MADE IN THE UK.
VALUED WORLDWIDE.

www.ebsglobal.net

**Heriot-Watt University** is one of the UK's leading universities for business and industry with a reputation for innovative education, enterprise and leading edge & applied research. It has recently been ranked 18 in the UK Guardian University League Table 2016 and 318th in the world according to QS World's University Ranking 2015/6.

Application Deadline for Batch (2) - 30th November 2016

- သင်တန်းကြေးကို (၁၅) ကြိမ်ထိ အရစ်ကျပေးသွင်းနိုင်ပြီး Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 15 Nov 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

**Apply Now - (09) 450177770, 09 250 717168**

# သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

## SFJ STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

SFJ ဂျာနယ်ကို STRATEGY FIRST INSTITUTE မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

## The STRATEGY FIRST Times



လစဉ်ထုတ် STRATEGY FIRST JOURNAL နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော The STRATEGY FIRST Times တို့မှာ

# ကြော်ငြာများ လက်ခံနေပါပြီ။